
mgyoe.com

# ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်

လှသမိန်



ဒုတိယအကြိမ်

mgyoe.com

ဤကမ္ဘာကြီးတွင် လူတွေ သူ့ထက်ငါ ပြေးလွှားနေကြသည်။
မာရသွန်ပြေးပွဲတွင် မဟုတ်ပေ။
တိုးတက်ကြီးပွားရာ ပန်းတိုင်ခရီးတွင် ပြေးလွှားနေကြခြင်း ဖြစ်သည်။

နိုင်ငံများလည်း နိုင်ငံအလိုက် စီးပွားကုန်ထုတ်လုပ်မှု တိုးတက်အောင်၊
ကုန်သွယ်မှု ဖွံ့ဖြိုးအောင် အကြီးအကျယ် လှုံ့လထုတ်နေကြရသည်။
တီထွင်သူများကလည်း အပြင်းအထန် တီထွင်ကြိုးစားနေကြသည်။
ကုမ္ပဏီလုပ်ငန်းရှင်များ အပြိုင်အဆိုင် ကြော်ငြာနေကြသည်။
ဂြိုဟ်တုကို စီး၍ကြည့်လျှင် ကမ္ဘာ့လူသားများသည်
လောက်ကောင်များ၊ ပျားကောင်များလို တရှုံ့ရှုံ့ လှုပ်ရှား
ရုန်းကန်နေကြသည်ကို တွေ့မြင်ရပေလိမ့်မည်။

လူတိုင်း၊ နိုင်ငံတိုင်း တိုးတက်ချင်ကြသည်။
တိုးတက်အောင် မည်ကဲ့သို့ ကြိုးစားကြရမည်ကိုလည်း စူးစမ်းလေ့လာကြသည်။
ထိုသို့ ကမ္ဘာကြီး နိုးကြားတက်ကြွလာခြင်းကြောင့်
နှေးကွေးသူ၊ ဉာဏ်နည်းသူ၊ ပျင်းရိသူများ လူ့လောကနောက်တွင်
ကျန်ရစ်မည်သာ ဖြစ်သည်။

လိုအင်ဆန္ဒရှိလျှင် နည်းလမ်းရှိရပေမည်။ တောင့်တသူများ ဆန္ဒကြောင့်
ကမ္ဘာဦးက နေမင်းကြီးပင် ထွက်ပေါ်လာသည်ဟု အဆိုရှိပေသည်။

မည်သို့ပင်ဖြစ်စေ၊ တိုးတက်လိုသူများအတွက် သိထားစရာများကို
ဖြည့်ဆည်းပေးရလျှင် များစွာ အထောက်အကူဖြစ်စေလိမ့်မည်ဟု ယူဆပေသည်။
ဤ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်သည်
တိုးတက်ကြီးပွားလိုသူများအတွက် လမ်းညွှန်စာ
တစ်စောင်တစ်ဖွဲ့ဖြစ်ပါလိမ့်မည်။

ISBN 9789997119506
HTM29
9 789997 119506
2,300.00KS

COVER- Vector: lifestyle painting relaxed woman cafeteria icons

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်

လှသမိန်

ဒုတိယအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်၊ လှသမိန်
စာမျက်နှာ ၂၁၄ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၄၊ ရွှေငွေပြိုးစာပေ၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာ | က |
| ၁။ | လူ့အသိတရား | ၁ |
| ၂။ | ငါ ဘာကောင်လဲ | ၁၀ |
| ၃။ | ခရီးပန်းတိုင် | ၁၃ |
| ၄။ | ဘဝတာဝန် | ၂၁ |
| ၅။ | ဘဝအရင်းအနှီး | ၂၆ |
| ၆။ | မိတ်ဆွေကောင်း | ၃၁ |
| ၇။ | ပတ်ဝန်းကျင် | ၃၅ |
| ၈။ | အခါအခွင့် | ၄၀ |
| ၉။ | လုံ့လ | ၄၅ |
| ၁၀။ | ဝီရိယ | ၄၈ |
| ၁၁။ | ရည်မှန်းချက် အဓိဋ္ဌာန် | ၅၁ |
| ၁၂။ | ဗဟုသုတ | ၅၄ |
| ၁၃။ | စိတ်ဓာတ်ခိုင်မာမှု | ၆၄ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၄။ | မိမိဘဝကို ဝေဖန်သုံးသပ်ပါ | ၆၉ |
| ၁၅။ | အနာခံနိုင်မှု | ၇၇ |
| ၁၆။ | လူချင်းဆက်ဆံရေး | ၈၅ |
| ၁၇။ | ဘဝစီမံကိန်း | ၉၃ |
| ၁၈။ | တစ်မူခြားပါစေ | ၁၀၁ |
| ၁၉။ | ကတိသစ္စာ | ၁၀၆ |
| ၂၀။ | ကိုယ့်ကိုယ်ကိုယ် အားကိုးပါ | ၁၁၂ |
| ၂၁။ | အလုပ် | ၁၁၈ |
| ၂၂။ | ဖြစ်သလိုလုပ်ပါ | ၁၂၃ |
| ၂၃။ | ယုံကြည်မှု | ၁၂၆ |
| ၂၄။ | ဝါသနာနှင့် စိတ်ဝင်စားမှု | ၁၂၉ |
| ၂၅။ | ဦးစားပေးခြင်း | ၁၃၂ |
| ၂၆။ | စိတ်ကိုပြန်ဆွဲတင်းပါ | ၁၃၈ |
| ၂၇။ | တစ်ဆင့်ပြီးတစ်ဆင့် | ၁၄၄ |
| ၂၈။ | စာအုပ်စာပေလမ်းညွှန် | ၁၄၉ |
| ၂၉။ | ငွေရအောင်လုပ် | ၁၅၂ |
| ၃၀။ | ဘဝအန္တရာယ် | ၁၅၅ |
| ၃၁။ | ဘဝအဖော် | ၁၆၄ |
| ၃၂။ | ဆရာကောင်း တပည့်ကောင်း | ၁၆၉ |
| ၃၃။ | အခွင့်အခါ | ၁၇၄ |
| ၃၄။ | စဉ်းစားဝေဖန်ပါ | ၁၇၇ |
| ၃၅။ | စိတ်ချမ်းသာရေး | ၁၈၀ |
| ၃၆။ | အကြောင်းရင်းရှာပါ | ၁၈၆ |
| ၃၇။ | စိတ်ကိုစေစားပါ | ၁၈၉ |


mgyoe.com

mgyoe.com


၃၈။ သူတစ်ပါးကို သုံးသပ်ပါ ၁၉၂

၃၉။ ရှာမှတွေ့မည် ၁၉၇

၄၀။ အဆိုးဆုံးအတွက် ပြင်ဆင်ပါ ၂၀၂

၄၁။ ဘယ်လိုကြီးပွားသူ ဖြစ်ချင်သနည်း ၂၀၇

၄၂။ ပန်းတိုင်၏နောက်ဝယ် ၂၁၁


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# အမှာ

ဤကမ္ဘာကြီးတွင် လူတွေ သူ့ထက်ငါ ပြေးလွှားနေကြသည်။ မာရသွန်ပြေးပွဲတွင် မဟုတ်ပေ။ တိုးတက်ကြီးပွားရာ ပန်းတိုင်ခရီးတွင် ပြေးလွှားနေကြခြင်း ဖြစ်သည်။ နိုင်ငံများလည်း နိုင်ငံအလိုက် စီးပွားကုန်ထုတ်လုပ်မှု တိုးတက်အောင်၊ ကုန်သွယ်မှု ဖွံ့ဖြိုးအောင် အကြီးအကျယ် လုံ့လထုတ်နေကြရသည်။ တီထွင်သူများကလည်း အပြင်းအထန် တီထွင်ကြိုးစားနေကြသည်။ ကုမ္ပဏီလုပ်ငန်းရှင်များ အပြိုင်အဆိုင် ကြော်ငြာနေကြသည်။ ဂြိုဟ်တုကို စီး၍ကြည့်လျှင် ကမ္ဘာ့လူသားများသည် လောက်ကောင်များ၊ ပျားကောင်များလို တရွရွ လှုပ်ရှားရုန်းကန်နေကြသည်ကို တွေ့မြင်ရပေလိမ့်မည်။ လူတိုင်း၊ နိုင်ငံတိုင်း တိုးတက်ချင်ကြသည်။ တိုးတက်အောင် မည်ကဲ့သို့ ကြိုးစားကြရမည်ကိုလည်း စူးစမ်းလေ့လာကြသည်။

ထိုသို့ ကမ္ဘာကြီး နိုးကြားတက်ကြွလာခြင်းကြောင့်

mgyoe.com

mgyoe.com



နေးကွေးသူ၊ ဉာဏ်နည်းသူ၊ ပျင်းရိသူများ လူ့လောကနောက် တွင် ကျန်ရစ်မည်သာ ဖြစ်သည်။ ခေတ်နောက်မကျစေရေး၊ တိုးတက်မှု ခရီးလမ်းတွင် နောက်မကျန်ရေးအတွက် ချီတက် နေသော ကမ္ဘာသားများနှင့်အတူ ရင်ပေါင်တန်းချီတက်နိုင် ရန် ဘာလုပ်ရမည်ကို စဉ်းစားနေကြသည်။ အလွန် သိလိုကြ သည်။ ကြီးပွားတိုးတက်ရန် နည်းလမ်းများရရှိမည်ဆိုက ကောင်းလေစွဟူ၍ တောင့်တသူ အများပင်ရှိပေသည်။ ထိုသို့ ချီတက်ရာတွင် စိတ်ဓာတ်အင်အား၊ အသိဉာဏ် အင်အားပိုပြီး တိုးပွားလိုကြပေသည်။

လိုအင်ဆန္ဒရှိလျှင် နည်းလမ်းရှိရပေမည်။ တောင့်တ သူများ ဆန္ဒကြောင့် ကမ္ဘာဦးက နေမင်းကြီးပင် ထွက်ပေါ်လာ သည်ဟု အဆိုရှိပေသည်။ မည်သို့ပင်ဖြစ်စေ၊ တိုးတက်လိုသူ များအတွက် သိထားစရာများကို ဖြည့်ဆည်းပေးရလျှင် များစွာ အထောက်အကူဖြစ်စေလိမ့်မည်ဟု ယူဆပေသည်။ ဤသို့ ကူပံ့ရခြင်းသည် ကုသိုလ်လည်းရပေမည်။ မိမိ၏တာဝန် ကို ကျေပွန်စွာ ထမ်းဆောင်ရာလည်း ရောက်ပေလိမ့်မည်။ ဤကဲ့သို့သော နှလုံးသွင်းဖြင့် တိုးတက်ကြီးပွားလိုသူများ အတွက် လမ်းညွှန်စာတစ်စောင်တစ်ဖွဲ့ကို ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် အမည်ဖြင့် ရေးသားပြုစုလိုက်ရခြင်း ဖြစ်ပေ သည်။

ဤစာအုပ်သည် လမ်းညွှန်လမ်းပြအဖြစ်လည်းကောင်း၊ အားပေး လှုံ့ဆော်သူအဖြစ်ဖြင့်လည်းကောင်း၊ ဖေးမတွဲခေါ် သူအဖြစ်ဖြင့်လည်းကောင်း၊ အားဆေးကောင်း အဆောင် ကောင်းတစ်ရပ်အနေဖြင့်လည်းကောင်း ဆောင်ရွက်ပံ့ပိုး

mgyoe.com

mgyoe.com



နိုင်ကောင်းရာ၏ဟု မျှော်လင့်မိပေသည်။ မည်သို့ပင်ဖြစ်စေ ဤစာအုပ်သည် ဝယ်ယူဖတ်ရှုရသော တန်ဖိုးကို ကောင်းစွာ ပြေကျေအောင် တုံ့ပြန်ကျေးဇူးပြုနိုင်လိမ့်မည်ဟူ၍ အနည်းဆုံး မှတ်ယူ ဝမ်းမြောက်မိပေသည်။

တိုးတက်ကြီးပွားကြပါစေလို၏။

လှသမိန်

၁၅–၇–၉၃

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# လူ့အသိတရား

သတ္တလောကတွင် သတ္တဝါအမျိုးအမည်ပေါင်း ကုဋေကုဋာ မရေတွက်နိုင်အောင် ရှိသည်။ ကုန်းနေကိုးကုဋေ၊ ရေနေ ဆယ်ကုဋေဟု အဆိုရှိသည်။ အကောင်အရေအတွက်သည်လည်း တိုးပွားလျက် ရှိသည်။ ထိုသတ္တလောကတွင် လူဖြစ်လာရသည်မှာ အလွန်ကံကောင်းပေသည်။ လူသည် အသိဉာဏ်အရှိဆုံးသော၊ အတိုးတက်ဆုံးသော သတ္တဝါဖြစ်၍ ကျန်းဂန်အရ လူ့ဘဝကိုရဖို့ရန်မှာ လူ့ပြည်က အပ်တစ်ချောင်းနှင့် ဗြဟ္မာပြည်ကချလိုက်သော အပ်တစ်ချောင်းတို့ ထိပ်ဖျားချင်းထိမိရန်ထက် ပို၍ခဲယဉ်းကြောင်း၊ မဟာသမုဒ္ဒရာတွင် မျောပါနေသော နဖားရှိသစ်လုံး၏ နဖားပေါက်ထဲသို့ လိပ်ကန်းတစ်ကောင်၏ ဦးခေါင်းကျွံဝင်ရန်သာလျှင် ဖြစ်နိုင်ဖို့ လွယ်သည်။ လူ့ဘဝကိုရဖို့ရန် အလွန်မလွယ်ကူကြောင်း ဆိုသည်။ မနုဿတ္တဘာဝေါ ဒုလ္လဘောဟူ၍ ဖြစ်နိုင်ရနိုင်ခဲသော အကြောင်းကို ညွှန်ပြထားပေသည်။ ထိုမျှ ခဲယဉ်းသောဘဝကို ရရှိထားသောလူသည် မိမိဘဝကို ထိုက်ထိုက်တန်တန် အသုံးမချ၊ မကြိုးစားဘဲ သမုဒ္ဒရာမှ ရေပွက်ကဲ့သို့ လွယ်လွယ်နှင့် ပျက်သုဉ်းဆုံးပါးသွားရမည်

mgyoe.com

mgyoe.com


ဆိုလျှင် အလွန်ပင် ရင်နာစရာ နှမြောတသစရာ ဆုံးရှုံးခြင်းပင် ဖြစ်ပေလိမ့်မည်။

လူ့ဘဝကို ရလာသည်ဆိုလျှင် တာဝန်နှင့် ရပိုင်ခွင့်သည် ရှိလာပေသည်။ လူသားအနေဖြင့် ဘဝ၏ သာယာခံစားမှုများကို ရယူခံစားနိုင်ပေသည်။ သို့ရာတွင် သာယာခံစားစရာများက အလွယ်အသင့်ရောက်လာသည်မဟုတ်ပေ။ မိမိကရရှိခံစားရအောင် ကြိုးစားအားထုတ်ရပေသည်။ လူတစ်ယောက်ဖြစ်လာလျှင် လူ့တာဝန်ကို ထမ်းဆောင်ရပေသည်။ (ဝါ) အလုပ်လုပ်ရပေသည်။ အလုပ်မလုပ်ဘဲ ဘဝမတည်တံ့၊ မတိုးတက်နိုင်ပေ။

မွေးလာကတည်းက ဝမ်းခေါင်းချဲ့ဖို့၊ အဆုတ်ပြန့်ကားလာဖို့ ငိုယိုရသည်။ လေကို ရှူရှိုက်ရသည်။ ကိုယ်ခန္ဓာ ပွားစည်းဖို့အတွက် နို့ချိုကို အငမ်းမရ စို့လာရသည်။ ဤသည်တို့မှာလည်း တာဝန်နှင့် အလုပ်ပင်ဖြစ်ပေသည်။ လုပ်စရာလုပ်သင့်သည်ကို မလုပ်လျှင် အသက်ရှင်နေလိမ့်မည်မဟုတ်၊ ဘဝဆုံးပါးသွားပေလိမ့်မည်။

လူ့ဘဝသို့ရောက်လာ၍ ကြီးပြင်းလာသည်နှင့်အမျှ အစာ စားရသည်။ သဘာဝ အပူအအေးဘေးရန်တို့ကို ကာကွယ်ရသည်။ မိဘက တာဝန်ယူ ပြုစုကျွေးမွေးသည်လည်းရှိ၍ မိမိ၏နောင်ရေးတွင် မိမိဘာသာ ရပ်တည်ရမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ရသည်လည်း ရှိသည်။ ငှက်ပေါက်စကလေးများကို မိခင်ငှက်မကြီးက အစာရှာဖွေယူလာ၍ ခွံ့ကျွေးရသည်။ ပျံချိန်တန်လျှင် အပျံသင်၍ မိမိအစာကို မိမိရှာဖွေစားသောက်ကာ ဘဝကို ရပ်တည်ရသည်။ လူများသည်လည်း ထိုအတိုင်းပင် ဖြစ်သည်။ ငယ်ရွယ်စဉ်ကစ၍ အတတ်ပညာသင်ကြရသည်မှာ ဘဝအတွက် အရင်းအနှီး ရှာဖွေစုဆောင်းရခြင်း ဖြစ်သည်။ နှုတ်မှုပညာ၊ လက်မှုပညာ၊ အသိပညာ၊ အတတ်ပညာ အရင်းအနှီးကောင်းရရှိအောင် နှစ်ကာလ

mgyoe.com

mgyoe.com


ကြာရှည်ခက်ခဲပင်ပန်းစွာ သင်ကြားဆည်းပူးရသည်။ ပညာတတ်လာပြီး အရွယ်ရောက်လျှင် အလုပ်ရှာရသည်။ အလုပ်လုပ်ရသည်။ သက်သာလှသည်ကား မဟုတ်။ အိမ်ရာထောင်ဖို့အတွက် အိမ်ထောင်ဖက်ရှာရသည်မှာလည်း လွယ်ကူသည်မဟုတ်။ မိမိ၏ ပြည့်စုံမှု၊ ကြိုးစားမှုတို့အပေါ်တွင် ရလဒ်တည်နေပေသည်။ အိုးနှင့်အိမ်နှင့်ဖြစ်လာသောအခါတွင်လည်း ဘဝရပ်တည်ရေး၊ တာဝန်ရှိသူများကို ပြုစုကျွေးမွေးရေး၊ တိုးတက်ကြီးပွားရေး၊ ဘဝသာယာရေးတို့အတွက် အသက်မသေဆုံးမချင်း အားထုတ်ကြိုးစား၍ အပင်ပန်းခံရပြန်ပေသည်။

သူတော်စင်တို့၏ အမြင်အရ ဘဝဇာတိ ဖြစ်ရခြင်းသည် ဇရာ၊ ဗျာဓိ၊ မရဏမှအစ ဒုက္ခအမျိုးမျိုး ခံစားရန် ဒုက္ခတွင်းထဲသို့ ခြေချခဲ့ခြင်းဖြစ်သည်ဟူ၍ ဖြစ်ပေသည်။ လူ့ဘဝကိုရသည်မှာ အရတော်သော်လည်း ဒုက္ခများ၊ တာဝန်များနှင့် မကင်းပေ။ ဒုက္ခများ၊ တာဝန်များကို ထမ်းဆောင်ရန် သဘောတူ အာမခံချက်ဖြင့် ဝင်လာခဲ့ခြင်းဖြစ်၍ ဘဝအတွက် အလုပ်လုပ်ရ၊ ဒုက္ခနှင့် ရင်းနှီးရသည်မှာ မထူးဆန်းပေ။

လူဖြစ်လာလျှင် လူ့တာဝန်များကို ပိုင်းခြားသိရမည်။ လိုလိုချင်ချင် တာဝန်ခံယူရပေမည်။ လူတစ်ယောက်အနေဖြင့် ဖြည့်တင်းစရာ၊ ကျင့်ဆောင်စရာများ ရှိပေသည်။ မြတ်စွာဘုရားသည်ပင် ဘုရားအဖြစ်ကို ရရှိရန် ကြိုးစားအားထုတ်တော်မူရာတွင် ဘုရားအဖြစ် ရောက်ရန်အတွက်လည်းကောင်း၊ အဆွေအမျိုးတို့ကို ကယ်တင်ချေချွတ်ရန်အတွက်လည်းကောင်း၊ လောကသူ လောကသားသတ္တဝါအများကို ကယ်တင်ဆောင်ပို့ရန်အတွက်လည်းကောင်း ဦးတည်ရည်ရွယ်၍ ဖြည့်ကျင့်အားထုတ်တော်မူရပေသည်။

ဘဝ၏လုပ်ရပ်ဟူသမျှတွင် ဦးတည်ချက်ရှိရပေသည်။ ထိုဦးတည်ချက်ကို ရှေးရှု၍ ဖြည့်တင်းအားထုတ်ရပေသည်။ လူတစ်ယောက်ဖြစ်

mgyoe.com

mgyoe.com


လာလျှင် ဘာလုပ်ဖို့လိုသနည်း။ ဘာဦးတည်ချက် ရှိရမည်နည်း။ လူတိုင်းက ကြိုတင်သိရှိထားရန် လိုပေသည်။ ထိုအသိ၏လမ်းညွှန်မှုဖြင့် ဘဝခရီးကို လှမ်းလျှောက်ရပေမည်။

လူတစ်ယောက်တွင် မိမိ၏ဘဝအတွက်လည်း ဖြည့်ဆည်းအားထုတ်ရသည်။ မိမိဆွေမျိုး အသိုက်အဝန်းအတွက်လည်း ကူညီပံ့ပိုးရပေမည်။ မိမိနှင့် အကျိုးကျေးဇူးဆက်စပ်နေသော လူသားများ၊ နိုင်ငံသားများအတွက်လည်း အားထုတ်ဆောင်ရွက်ရပေမည်။ တတ်နိုင်လျှင် လူသားအားလုံးအတွက် အကျိုးပြုနိုင်သောလုပ်ရပ်များ၊ တီထွင်မှုများကို ပေးချန်ခဲ့ရန် အားထုတ်ရပေမည်။ မိမိဘဝအတွက် အောင်မြင်အောင် လုပ်နိုင်သူသည် လူတော်ပင် ဖြစ်သည်။ လူသတ္တဝါများအတွက် အကျိုးပြုနိုင်သူဖြစ်ပါမူကား ထိုသူသည် လူစွမ်းကောင်းပင် ဖြစ်ပေသည်။ လူသားများအတွက် ကာကွယ်ရင်း အသက်စွန့်သွားသော အာဇာနည်များ၊ လူသားအတွက် တီထွင်ကြံဆလုပ်ကိုင်ရင်း အသက်စွန့်သွားရသော အာဇာနည်များလည်း ရှိပေသည်။ ထိုသို့သော လူစွမ်းကောင်း၊ အာဇာနည်တို့ကြောင့် လူအများပင် အကျိုးခံစားရသည်များလည်း ရှိပေသည်။ သူတို့တီထွင်ကြံဆအားထုတ်စွန့်စားမှုအကျိုးကို မိမိက ခံစားနေရုံသာမက မိမိသည်လည်း ထိုသူတို့ကဲ့သို့ လူသားတို့၏အကျိုးကို တစ်နည်းနည်း ထမ်းဆောင်နိုင်သူမျိုးဖြစ်အောင်လည်း ကြိုးစားရပေလိမ့်မည်။

ဤသို့ဆိုလျှင် လူတစ်ယောက်၏တာဝန်သည် မသေးလှကြောင်း၊ သူနိုင်စွမ်းသလောက် အသိတရားရှိသလောက် လူ့တာဝန်များ များပြားနိုင်သည်ကို သိနားလည်နိုင်ပေသည်။ လူသည် မိမိဘဝရပ်တည်မှု၊ တိုးတက်အောင်မြင်မှုအတွက်ပင် မည်မျှလောက် ကြိုးစားအားထုတ်ရသည်၊ မည်မျှပင်ပန်းသည်ကို သိရှိနိုင်ပေသည်။

လူ့ဘဝတွင် ဘဝရပ်တည်ရေး တစ်ခုတည်းအတွက်ပင်လျှင် အပြင်း

mgyoe.com

mgyoe.com


အထန် ရုန်းကန် ကြိုးစားကြရပေသည်။ လူတစ်ယောက်နှင့်တစ်ယောက် ဉာဏ်ရည် လုံ့လဝီရိယ၊ ဘဝပတ်ဝန်းကျင်၊ အခါအခွင့်၊ ကံအကျိုးပေး စသည် မတူညီနိုင်ပေ။ ကြီးပွားတိုးတက်နေသူလည်း ရှိသည်။ အခြေ မလှဘဲ ဘဝနုံချာနေသူလည်း ရှိသည်။ မည်သို့ပင်ဖြစ်စေ လူတိုင်း တိုးတက်ကြီးပွားလိုသော ဆန္ဒရှိကြသည်ဖြစ်ရာ ကြိုးစားမှုနည်းလမ်း မှန်ကန်လျှင် ထိုက်သင့်သော တိုးတက်မှုကို ရရှိမည်သာ ဖြစ်ပေသည်။

လူတိုင်းတွင် သဘာဝဖြစ်တည်ဖွဲ့စည်းမှုအရ ဦးခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက် အကူအညီရှိကြသည်။ ဦးခေါင်းနှစ်လုံး၊ လက်ခြေသုံးဖက်ရှိသူများ တစ်ခါတစ်ရံ ထွန်း၍ဖြစ်ပေါ်တတ်သော်လည်း ထိုသို့ သဘာဝလွန်ကဲသူသည် အသက်ဆိုးပင် မရှည်တတ်ပေ။ အသက် ရှင်လျက်လည်း သာမန်လူထက် ပို၍ ထူးခြားသော စွမ်းရည် မရှိနိုင်ပေ။ အများနည်းတူ လူများတွင် ဦးခေါင်းတစ်လုံးချင်းတူသော်လည်း ဦးနှောက် အစွမ်းချင်း၊ အလုပ်လုပ်ပုံချင်း မတူညီပေ။ ဉာဏ်အရာ၌ ထိုးထွင်းစဉ်းစား ဉာဏ်၊ မှတ်ဉာဏ် အင်အားကောင်းသူ မကောင်းသူအနေဖြင့် ကွာခြား တတ်ပေသည်။ သို့ရာတွင် ထိုဉာဏ်ရည်ကို တိုးတက်အောင် လေ့ကျင့် ရယူနိုင်ပြီး ဉာဏ်နည်းသူက လုံ့လဝီရိယဖြင့် ပံ့ပိုး၍ ဖြည့်တင်းနိုင်ပေ သည်။

လူ့ဘဝတွင် ချောင်ချောင်နေ၍ မရသည်ကို သိနားလည်ထားရန် လိုပေသည်။ ကလေးဘဝတွင် မသိနားမလည်သည်ကို သိနားလည် အောင် သွန်သင်၍ အသိဉာဏ်ပေးထားရပေမည်။ လောကတွင် သစ်ပင် ရော သတ္တဝါများပါ မသေမကျေဘဲ ရှင်ကျန်နေရန်အတွက် အားသွန် ကြိုးပမ်းကြရပေသည်။ အန္တရာယ်ကို ရှောင်ရှားပြီး အာဟာရကို ရှာဖွေ စားသုံးကြရပေသည်။ ပေါ့ပေါ့တန်တန် ရပ်တည်သောအပင်နှင့် သတ္တဝါ တို့ သက်ဆိုးမရှည်နိုင်ဘဲ စောစောသေပျက်ကြရပေသည်။ ကြံ့ကြံ့

mgyoe.com

mgyoe.com


ခံနိုင်ပြီး လုပ်သင့်ရာအလုပ်ကို လုပ်ကိုင်နေမှ အသက်ရှင်နေနိုင်ပေသည်။

အသက်မဲ့ဟု ထင်ရသောသစ်ပင်သည် ရေကို စုပ်ယူရသည်။ လေထဲမှ ဓာတ်ငွေ့ကို စုပ်ယူရသည်။ မလိုသောဓာတ်ငွေ့ကို ထုတ်ပစ်ရသည်။ အလင်းရောင်ဖြင့် အစာချက်လုပ်ရသည်။ မျိုးမတုံးအောင် မျိုးစေ့ဗီဇပေါက်ပွားရသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်များ ပြန်လည်ထုတ်လုပ်ရသည်။ ရာသီဥတုဒဏ်ကို ကြံ့ကြံ့ရပ်ခံရသည်။ လေနှင့်အလိုက်သင့် ယိမ်း၍ အမြစ်များက ခိုင်ခိုင်တွယ်ကုပ်ထားရသည်။ လုပ်သင့်သောအလုပ်ကို မလုပ်လျှင် ထိုသစ်ပင်သည် အသက်မရှင်နိုင်ပေ။ ထို့ပြင် သစ်ပင်အလိုက် အသီးအပွင့်များ သီးပွင့်ပေးရသည်။ အမြစ်၊ အခေါက်၊ အရွက် စသည်တို့က တစ်နည်းနည်း အသုံးဝင်ပေးရသည်။ အာဟာရအဖြစ်၊ ဆေးဝါးအဖြစ်၊ လေကာအဖြစ်၊ အရိပ်ကာအဖြစ်၊ မြေဆီထိန်းအဖြစ်၊ အလှတန်ဆာအဖြစ် အကျိုးပြုပေးရသည်။ အကျိုးလုံးဝမပြုသောအပင်ကို လူတို့က ခုတ်ထွင်ပစ်သည်။ ထင်းဆိုက်ပစ်မည်။ ကျွဲ၊ နွား ကျွေးပစ် မည်မှာ သေချာပေသည်။

သစ်ပင်တို့သည်ပင်လျှင် ထိုသို့ အလုပ်လုပ်ရပြီး လောကအကျိုးဆောင်ရသေးလျှင် သက်ရှိတို့ဘဝ အမြင့်ဆုံး လူသားအဖို့ ဆိုဖွယ်ရာမရှိတော့ပေ။ လှုပ်ရှားရမည်၊ အားထုတ်ရမည်၊ ရုန်းကန်ရမည်၊ကြံစည်ကြိုးစားရမည်သာ ဖြစ်ပေသည်။

ချမ်းသာသော လူမျိုးခြား ကုန်သည်တစ်ဦးက ရှစ်နှစ်သားသားငယ် ကျောင်းသားကလေးကို အားလပ်သည့်အခါ မြေပဲလှော်ထုပ်ပေးပြီး ရောင်းခိုင်းသည်ကို တွေ့ရပေသည်။ မြင်ရသူများက ထိုဖခင်အား 'ခင်ဗျား သည်လောက်ဆင်းရဲနေသလား၊ ကလေးကို ဘာဖြစ်လို့ ဈေးရောင်းခိုင်းရသလဲ' ဟု အပြစ်တင်ပေသည်။ ထိုအခါ ထိုသူဌေးက ရှင်းပြသည်။ 'သူတို့ပိုက်ဆံကို ဘယ်လိုရှာရတယ်ဆိုတာ၊ ပိုက်ဆံရှာဖို့ ဘယ်လို

mgyoe.com

mgyoe.com



အပင်ပန်းခံရတယ်ဆိုတာ လက်တွေ့သိထားစေချင်တယ်။ ဒါမှ ပိုက်ဆံတန်ဖိုးကို သိမယ်၊ ပြီးတော့ အရောင်းအဝယ်ကိုလည်း စိတ်ဝင်စားပြီး လက်တွေ့လေ့လာ လေ့ကျင့်ခွင့်ရမယ်၊ သည်လို လေ့ကျင့်ပေးမှ ကြီးပြင်းလာရင် သူတို့ဘဝကို ထိုက်ထိုက်တန်တန် ရှေ့ဆောင်နိုင်မယ်' ဟူ၍ ရှင်းပြပေသည်။ ထိုစကားသည် မှန်ကန်လေးနက်လှပေသည်။

ငွေကို သက်သက်သာသာနှင့် ပေါပေါများများ သုံးစွဲလာရသော ကလေးသည် မည်သို့မျှ အောက်သက်ကျေမည် မဟုတ်ပေ။ ဘဝကို နားလည်မည်လည်း မဟုတ်ပေ။ 'ငွေဆိုတာ အဖေ့အိတ်ကပ်ထဲကရတယ်၊ ထမင်းဆိုတာ လျှပ်စစ်ပေါင်းအိုးထဲက ရတယ်' ဟူ၍ နားလည်လာခဲ့သူသည် မိမိဘဝကို ဦးဆောင်ရန် ခက်ခဲပေလိမ့်မည်။ ပေါ့ပေါ့နေလာခဲ့သော လူငယ်သည် ဘဝကို မိမိစွမ်းအားဖြင့် ရင်ဆိုင်ရတော့မည့် အခါတွင် အခက်အခဲကြီးစွာ တွေ့ရတတ်ပေသည်။ ကိုယ်တိုင် စဉ်းစားဆင်ခြင်ခြင်း မပြုတတ်သောအရွယ်တွင် မိဘများက ပစ်ထားခြင်း ဒုက္ခပေးခြင်းမဟုတ်၊ ဘဝအရင်းအနှီးပေးခြင်း၊ လူရာဝင်အောင် ပညာ အမွေအနှစ် တရားဝင်အောင် ပျိုးထောင်ပေးရပေမည်။ ထိုမှတစ်ဆင့် ဘဝဆိုသည်မှာ ရုန်းကန်ထူထောင်ယူရမည့်အရာဖြစ်ကြောင်း အသိဉာဏ်ပေးရပေမည်။

ဘဝအသိမှန်မှ ဘဝမှန်နိုင်ပေသည်။ အရွယ်ရောက်လာလျှင်လည်း ဘဝအသိရှိအောင် ကြိုးစားရပေမည်။ ဘဝအသိဉာဏ် ရင့်သန်စေသော စာပေများကို ဖတ်ရှု၍ အဆုံးအမကို ခံယူရပေမည်။ သို့မှလည်း ဘဝတွင် အခက်အခဲများ၊ ဒုက္ခများကို ခံယူရသည့်အခါ အသိတရားကြောင့် ခံနိုင်ရည်ရှိပေမည်။ အသိတရားက ကြံ့တင်ပြင်ဆင်ခွင့်ကိုလည်း ပေးပေလိမ့်မည်။

လူ့ဘဝရောက်လာလျှင် ကလေးဘဝမှစ၍ တန်ရာတန်ရာ

mgyoe.com

mgyoe.com



အလုပ်လုပ်ကြရပေသည်။ ပညာသင်ရ ကျောင်းတက်ရသည်မှာ ပျော်စရာလည်း ကောင်းသည်။ ပင်လည်း ပင်ပန်းသည်။ ဒုက္ခသုက္ခလည်း ရောက်သည်။ သို့ရာတွင် ရှောင်ဖယ်၍ မရ။ မိဘကို ကြောက်၍ ကျောင်းသွားရသည့် ခံယူချက်အစား တခြားကလေးများနည်းတူ၊ သို့မဟုတ် သူတို့ထက်ပို၍ အရည်အသွေးမြင့်မားတိုးတက်အောင်၊ သာအောင် မိဘက လုပ်ပေးနေသည်ဟု သိနားလည်မှုရှိစေရမည်။ ပညာတတ်၍ မြင့်မားနေသူ၊ ချမ်းသာနေသူများနှင့် ပညာမသင်ခဲ့၍ ပင်ပန်းကြီးစွာ ဘဝရပ်တည်နေရသူ၊ ဆင်းရဲနွမ်းပါးနေသူများကို နှိုင်းယှဉ်ပြရပေမည်။ အသိမှန်နှင့် ပညာသင်ရသောအခါ ပင်ပန်းမှုကို ခံနိုင်စွမ်းရှိပြီး ပညာကြိုးစားလိုစိတ် ထက်သန်လာပေမည်။ ဤသည်မှာ ဘဝအစပင် ရှိပေသေးသည်။

တစ်တန်းပြီး တစ်တန်း ပညာသင်ရ၊ ကျောင်းတက်ရ၊ စာကျက်ရ၊ အိမ်စာလုပ်ရ၊ စာမေးပွဲဖြေရနှင့် တစ်နှစ်ပြီးတစ်နှစ် အဆင်းရဲခံကြရသည်။ အတန်းအောင်အောင်၊ ဘွဲ့ရအောင် ကြိုးစားရသည်။ ကျောင်းပညာမဟုတ်လျှင်လည်း ဘဝအသက်မွေးဝမ်းကျောင်းဖြစ်ရမည့် အတတ်ပညာတစ်ရပ်ရပ်ကို မိဘနှင့် ပတ်ဝန်းကျင်မှ သင်ယူကြရသည်။ မတတ်သာလျှင်လည်း မိဘကို တစ်ဖက်တစ်လမ်း ကူညီအလုပ်လုပ်ရသည်။ မည်သို့ပင်ဖြစ်စေ၊ ကိုယ်တိုင်မသိသေးသော အရွယ်တွင် မိဘက မှန်ကန်စွာလမ်းကျောင်းပေးရမည်။ ပိုက်ဆံမရှိ၍ ပညာမသင်ပေးနိုင်ဟူသော ဆင်ခြေဖြင့် သားသမီး နစ်မွန်းအောင် မပြုသင့်ပေ။ တစ်နည်းနည်းဖြင့် အသက်မွေးမှု ပညာရအောင် သင်ကြားပေးရပေမည်။ တက္ကသိုလ်ဘွဲ့ရအောင် သင်မပေးနိုင်ရုံနှင့် အချည်းနှီး အချိန်မကုန်စေသင့်ပေ။ မိဘက ခိုင်းစားရုံအတွက်သာ မွေးထားခြင်းမျိုးလည်း မဖြစ်စေရပေ။ ဘဝအဆင်မပြေ၍ သားသမီးငယ်တို့၏ အကူအညီလုပ်အားကို ရယူရစေကာမူ သူတို့၏

mgyoe.com

mgyoe.com



ဘဝရှေ့ရေးအတွက် တာဝန်ကျေအောင် စဉ်းစားဆောင်ရွက်ပေးရမည်။ သူ့ဘဝကို တာဝန်မယူနိုင်သေးသည့်အရွယ်တွင် မိဘက ရှေ့ဆောင်ကူညီပေးရမည်။

မိဘတာဝန်သည် သားသမီးများ အရွယ်ရောက်ရုံသာမက မိမိခြေပေါ်တွင် ရပ်တည်နိုင်သည်အထိ ပျိုးထောင်ပေးရပေမည်။ အသိတရားရှိလာသော အရွယ်တွင် လူရွယ်လူငယ်တို့ကလည်း သိနားလည်မှုဖြင့် မိမိဘဝထူထောင်ရေးအတွက် ကိုယ်တိုင်ပါဝင်ရွက်ဆောင် ကြိုးပမ်းစေရပေမည်။ လူငယ်တို့ကလည်း ဘဝအတွက် အသိတရားရှိရပေမည်။ မိဘက မသိတတ်၍ဖြစ်စေ၊ တာဝန်မကျေ၍ဖြစ်စေ၊ မတတ်မအားသဖြင့်ဖြစ်စေ၊ သားသမီးတို့၏ဘဝရပ်တည်မှုအတွက် အကူအညီပေး၊ ထောက်ပံ့ထူထောင်မှုမပြုနိုင်စေကာမူ ကာယကံရှင်တို့က မိမိတို့ဘဝအတွက် လုပ်သင့်လုပ်ရာကို လုပ်ရပေမည်။ မိဘမဲ့သားသမီးများဖြစ်ခဲ့လျှင် ထိုသို့ပြုစုပျိုးထောင်နည်းလမ်းပြမည့်သူ မရှိနိုင်ပေရာ ကာယကံရှင်၏ အသိတရားနှင့် ကြိုးစားမှုသည် အထူးလိုအပ်ပေသည်။ မိဘက သားသမီးအား ဘဝအသိရှိအောင် ပြုလုပ်ပေးခြင်းဖြင့် ကာယကံရှင်၏ကြိုးစားမှု အကူအညီရရှိပြီး မိဘတို့၏တာဝန်လည်း ပေါ့သွားပြီး တိုးတက်မှုလည်း ပို၍ရစေမည်ဖြစ်ပေသည်။

အသိဉာဏ် ရင့်သန်တိုးတက်ဖွံ့ဖြိုးသော အရွယ်ရှိလာလျှင် ဘဝအသိရှိရမည်ဖြစ်ပေသည်။ ဘဝတွင် မိမိသာ တာဝန်ရှိသည်။ မိမိ မည်သို့ဆောင်ရွက်အားထုတ် လှုပ်ရှားရမည်ကို သိရပေမည်။ ဘဝ၏ပန်းတိုင်၊ ဘဝရည်မှန်းချက်၊ ဘဝ၏အခက်အခဲ ဆူးငြောင့်ခလုတ်များ၊ ဘဝ၏ပြဿနာများနှင့် ဘဝ၏လုပ်ပိုင်ခွင့်များကိုလည်း သိရှိရပေလိမ့်မည်။



mgyoe.com

mgyoe.com



# ငါ ဘာကောင်လဲ

တိုးတက်ကြီးပွားချင်သူ၏ ပထမဆုံးအလုပ်မှာ 'ငါဘာကောင်လဲ' ဟူ၍ မိမိကိုယ်ကို စစ်ဆေးရန်ပင် ဖြစ်သည်။ မိမိကိုယ်ကိုမှ မိမိမသိဘဲ ဘာမှ ဆက်လုပ်၍ မဖြစ်နိုင်ပေ။

လူတစ်ယောက်အား 'ခင်ဗျား ဘာကောင်လဲ' ဟုမေးလျှင် စိတ်ဆိုးမာန်ဆိုးနှင့် 'လူပေါ့ဗျ' ဟု ဖြေမည်ပင် ဖြစ်သည်။ လူ့ဘုံလောကတွင် လူပေါင်းများစွာ အသက်ရှင်နေကြသည်။ လူက မိမိကိုယ်ကို လူဟူ၍ မသိဘဲရှိမည်မဟုတ်။ သိသည်။ သို့ရာတွင် လူတစ်ယောက်တွင် ရှိမည့် အချင်းအင်္ဂါ၊ စိတ်ဓာတ်၊ စာရိတ္တ၊ တာဝန်ဝတ္တရား၊ ကြိုးစားမှု၊ တက်ကြွမှု၊ ထက်သန်မှု၊ စာနာမှု၊ ကိုယ်ချင်းစာတရား၊ လုံ့လဥဿာဟ စသည် စသည်တို့ မည်မျှပြည့်စုံပါသနည်း။ မည်မျှသဘောပေါက် နားလည်ထားပါသနည်း။ လူအားလုံး တစ်မျိုးတစ်စားတည်း ထပ်တူတူညီခြင်း မရှိသည်ကိုကား သိပေမည်။

လူ့လောကတွင် လူ့ပတ်ဝန်းကျင်တွင် နေရသည်။ လူအချင်းချင်း ဆက်ဆံရသည်။ လူအချင်းချင်း အကျိုးပြုနေကြသည်။ လူချင်းလည်း

mgyoe.com

mgyoe.com



ပြိုင်နေကြသည်။ လူအားလုံး ပြိုင်ပွဲဝင်နေကြသည်။ နိုင်သူတွေ တပြုံးပြုံး၊ ရှုံးသူတွေ တမဲ့မဲ့ ဖြစ်နေကြသည်။ သာသူက သာသည်။ နာသူက နာသည်။ သင်သည် ရှုံးသူ၊ နာသူများထဲတွင် ပါဝင်လိုမည် မဟုတ်သည်မှာ သေချာပေသည်။

လောကတွင် သင်လုပ်ချင်ရာ လုပ်နိုင်သည်။ သင်ဖြစ်ချင်ရာ ဖြစ်နိုင်သည်။ သင့်ကြိုးစားမှု၊ သင့်ဉာဏ်ရည်၊ သင့်လုံ့လဝီရိယပေါ်တွင် တည်သည်။ မည်သို့ပင်ဖြစ်စေ သင့်ကို ပတ်ဝန်းကျင် အခြေအနေတွေက တားဆီးဘောင်ခတ်ထားသည်။ အင်မတန် ကြိုးစားနိုင်မှ ထိုအတားအဆီးများကို ဖြတ်ကျော်ပြီး လိုရာခရီးရောက်မည်။ အောင်မြင်သူ ဖြစ်မည်။ ပျော့ညံ့သူများ၊ ဇွဲမရှိသူများ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားသူများ၊ တာဝန်မကျေသူများ၊ အရှုံးပေးသူများ၊ အရည်အချင်းမရှိသူများ၊ နားလည်မှု မရှိသူများ တလိမ့်ခေါက်ကွေး ပုံလျက်သား လဲကျနေကြပေမည်။ မည်သို့မျှ ပန်းတိုင်သို့ မရောက်နိုင်၊ နောက်ဆုံးက ဖတ်သီဖတ်သီနှင့် တရွတ်ဆွဲလိုက်နေကြပေမည်။ ဤသည်မှာ လောက၏ သဘာဝ ရှုခြင်းပင် ဖြစ်သည်။

သင်သည် ဘဝထဲကို ဝင်လာမိပြီ။ ဘဝခရီးကို ဆက်၍ လျှောက်လှမ်းရတော့မည်။ သင့်မှာ လူ့အရည်အချင်း မည်မျှရှိသနည်း။ လူ့သတ္တိ၊ လူ့ခံနိုင်ရည်၊ လူ့နားလည်မှု မည်မျှရှိသနည်း။ မိမိကိုယ်ကို သုံးသပ်ပြင်ဆင်ရပေမည်။ တောလမ်းခရီးထွက်မည့် မုဆိုးသည် ဓား၊ လုံ၊ လေး၊ မြား ပြင်ဆင်ရမည်။ ကြိုးလွှန်းပိုက်တန်း လွယ်ပိုးရမည်။ စူးဆောက်ဓားမလည်း ပါရမည်။ စားနပ်ရိက္ခာ၊ ဆေးဝါး၊ မိုးကာစောင်ခင်းလည်း သယ်ဆောင်ရမည်။ တောလမ်းကျွမ်းရမည်။ သတ္တိလည်း ရှိရမည်။ သတိလည်း ရှိရမည်။ မျက်စိလည်း ရှင်သန်ရမည်။ နားလည်းပါးရမည်။ ပရိယာယ်လည်း ကြွယ်ဝရမည်။ အပင်ပန်းလည်း ခံနိုင်ရမည်။

mgyoe.com

mgyoe.com



အခွင့်ကောင်းကို မလွတ်တမ်း အသုံးချတတ်ရမည်။ စိတ်ရှည်ရှည် စောင့်နိုင်ရမည်။ ဤသို့ မပြည့်စုံပါက ကျားစာ၊ ခြင်္သေ့စာ ဖြစ်သွားမည်။ မျက်စိလည် လမ်းမှားပြီး ချောက်ထဲကျမည်။ အစာငတ် ရေငတ်၍ မတ်တတ်ကလဲကျမည်။ အိမ်ပြန်မယားပြသားပြ လှမည်လည်း မဟုတ်။ ဝမ်းစာအတွက်လည်း ပြေလည်နိုင်မည်မဟုတ်။

လူ့လောကထဲ တိုးဝင်မည့်သူမှာ တော၏ ထိုမုဆိုးထက် တာဝန်ကြီးလေးပေသည်။ အဆင်သင့်ပြင်ဆင်စရာ ပို၍များပေသည်။ ခရီးလမ်းပို၍ ခက်ခဲပေသည်။ 'ငါ လူ့လောကထဲမှာ တိုးတက်အောင်မြင်ရမည်' ဟု အားခဲ၍ ယုံကြည်စိတ်သန်ထားပါက ခရီးစ၍ရပေပြီ။ မိမိရည်မှန်းချက် ပြည့်မြောက်အောင် ပြင်ဆင်ရန်သာ လိုပေသည်။ ပေါ့ပေါ့ဆဆနှင့် 'ငါလည်း သူများတွေလို သူ့ဟာသူ ဖြစ်လာမှာပေါ့' ဟု ပျော့ညံ့သော စိတ်ထားမျိုးရှိနေလျှင် ချက်ချင်း သဘောထားပြောင်းလဲရန် လိုပေသည်။ တိုးတက်သော လောကသည် အချောင်သမား လူပျင်းလူညံ့များကို ဖိတ်ခေါ်ခြင်း မရှိကြောင်း သိထားရပေမည်။

မိမိကိုယ်ကို စစ်ဆေးကြည့်ရန် လိုပေသည်။ ငါ့မှာ ဘာပညာဘာအရင်းအနှီးရှိသလဲ၊ ငါ တိုးတက်ကြီးပွားလိုစိတ် တကယ်ရှိတဲ့လူလား၊ လူအုပ်ထဲက ရောလိုက်ချင်သည့် လူစားလား၊ ရှေ့က ပန်းတက်လိုသည့် လူစားလား၊ နောက်ချန်နေခဲ့ချင်သည့် လူစားလား၊ ငါ ဘာလုပ်ဖို့လိုသလဲ စသည်ဖြင့် စစ်ဆေးရပေမည်။ မိမိသည် မရေမရာ မပိုင်မနိုင်ပျော့ညံ့ညံ့ဖြစ်နေမှန်းသိလျှင် မိမိ၏အရှိန်အဟုန်ကို တိုးမြှင့်ပေးရလိမ့်မည်ဖြစ်ပေသည်။ မိမိအခြေအနေမှန်ကို သိပါမှ ဘဝအတွက် ထိုက်တန်စွာ ပြင်ဆင်နိုင်ပေလိမ့်မည်။

❒

mgyoe.com

mgyoe.com



# ခရီးပန်းတိုင်

ခရီးသွားသူသည် ဦးတည်ရာခရီးလမ်းဆုံး သတ်မှတ်ချက် ရှိရပေမည်။ သွားရောက်ရန် ယာဉ် စသော အကူအညီ နည်းလမ်းလည်း ရှိရပေမည်။ ခရီးတစ်လျှောက်တွင် စားသုံးရန် ရိက္ခာမှစ၍ ပြည့်စုံရပေမည်။ ကြိုးစား အားထုတ်မှုလည်း ရှိရပေမည်။ တွေ့ကြုံရမည့် အခက်အခဲ ပြဿနာ များကို ကျော်နင်းဖြေရှင်းရန် အသင့်ရှိရပေမည်။ လူတိုင်းသည် ဘဝ၏ ခရီးသည်များ ဖြစ်ပေသည်။ ဘဝပန်းတိုင်အရောက် ခရီးနှင်ကြရပေမည်။

ငယ်ရွယ်စဉ် သိတတ်သည့်အချိန်မှစ၍ ဘဝအသိရှိရန် အရေးကြီး ပေသည်။ ပညာရှာရာတွင်လည်း ဘဝအသိဖြင့် ယှဉ်ရပေမည်။ 'ငါ ဘာကြောင့် ပညာသင်နေသလဲ၊ ငါ ဘာတွေတတ်အောင် သင်မလဲ' ဟူ၍ သိနားလည်နေရပေသည်။ အချို့က မိဘက ကျောင်းထား၍ ဝတ္တရားအရ ကျောင်းတက်နေရသော်လည်း ဘဝအသိ မရှိပေ။ အချို့မိဘကလည်း သေစာရှင်စာတတ်ရင် တော်ပြီဟူ၍သာ သဘောထားတတ်ကြသည်။ သားသမီးကို အချိန်တန်လျှင် ကျောင်းထားရမည်ဟူသော သမားရိုးကျ လုပ်ငန်း တာဝန်ကျေပွန်ရုံ ကျောင်းထားကြသည်လည်း ရှိသည်။

mgyoe.com

mgyoe.com



ကျောင်းတွင် သားသမီး၏အရည်အချင်း မည်သို့ရှိသည်ကိုပင် သိအောင် မကြိုးစားတတ်ကြပေ။ မိမိသားသမီးကျောင်းတွင် စာညံ့နေသည်ကို လည်း အရေးမထားတတ်ကြပေ။ စာရိတ္တပျက်စီး၍ ဘိန်းဖြူသမား ဖြစ်နေသည်ကိုပင် မရိပ်မိဘဲ ရဲက ဖမ်းဆီးအရေးယူမှ မျက်ကလဲဆန်ပျာ ဖြစ်ရသူမျိုးပင် ရှိပေသည်။

လူငယ်ကိုယ်တိုင်လည်း မိမိအသက်မွေးဝမ်းကျောင်းအတွက် ပညာအခြေခံရအောင် ကြိုးစားရမည်ဟူ၍ နားမလည်တတ်ကြပေ။ တက္ကသိုလ်ကို ရောက်လာလျှင်လည်း အချို့ကသာလျှင် ဆရာဝန်ဖြစ် အောင်၊ အင်ဂျင်နီယာဖြစ်အောင်၊ ကထိကဖြစ်အောင် ဘာသာရပ်ကို သင်ယူမည်ဟူ၍ ရည်ရွယ်ချက်ရှိပြီး အများအားဖြင့် ဘွဲ့တစ်ခုခုရလျှင် အလုပ်အကိုင်ရဖို့ လွယ်ကူနီးစပ်လိမ့်မည်ဟူသော ယေဘုယျဦးတည်ချက် မျိုးသာ ရှိတတ်ပေသည်။ အမှတ်ရလွယ်သည့် ဘာသာရပ်၊ စာကျက်ရ နည်းမည့်ဘာသာရပ်၊ မိမိခင်မင်သူနှင့်အတူ သင်ကြားရမည့်ဘာသာရပ် စသည်ကို မိမိဗြွစွမ်းရည်၊ ဝါသနာ၊ စိတ်ဝင်စားမှုရှိသည်ဖြစ်စေ မရှိသည် ဖြစ်စေ သတ်မှတ်သော အမှတ်အဆင့်မီပါက ရွေးချယ်တတ်ကြပေ သည်။ မိမိရွေးချယ်သော ဘာသာရပ်ဖြစ်မည်ဆိုသောအလုပ်ကိုလုပ်ရန် ကြိုတင်ပြင်ဆင်သည်ဟူ၍ အမှတ်မထား၊ နောင်ခါနောင်ချေး ဘွဲ့ရလျှင် ပြီးသည်ဟူ၍ ပေါ့ပေါ့တန်တန် သဘောထားတတ်ကြပေသည်။

ဤသို့အားဖြင့် အသက်မွေးဝမ်းကျောင်းမှု ဖြစ်စေနိုင်လောက်သော ပညာအရည်အချင်း အစွမ်းအစမျိုးကိုလည်း မရရှိခဲ့။ မိမိသင်ကြားတတ် မြောက်ထားသော ပညာကိုလည်း ဝင်ငွေ၊ အသက်မွေးမှုရရာရကြောင်း လက်တွေ့အသုံးမချနိုင် ဖြစ်ရတတ်ပေသည်။ ဘွဲ့လက်မှတ်ကြီးကို ရင်ဝယ် ပိုက်ပြီး ကော်ဖီတစ်ခွက်ကိုမျှ အရသာရှိအောင် မဖျော်တတ်၊ ဟင်းတစ်ခွက် ကိုမျှ အစပ်တည့်အောင် မချက်တတ်ဖြစ်ကာ ကော်ဖီဆိုင်လည်း မတည့်

mgyoe.com

mgyoe.com


နိုင်၊ ထမင်းဆိုင်လည်း မတည်နိုင်၊ ဖျော်ရည်တစ်ပုလင်း၊ ဆေးတစ်ဖုံမျှလည်း မဖော်တတ်။ စက်မှုလက်မှု နှုတ်မှုပညာဆို၍ ဘာမျှ မည်မည်ရရ မတတ်ဘဲ လျှောက်လွှာတကိုင်ကိုင်နှင့် မိဘပိုက်ဆံကို ဖြုန်းနေသူများ မြောက်မြားစွာ ရှိပေသည်။ ဤသည်မှာ တာထွက်ကတည်းက လမ်းကြောင်းမသိဘဲ ဦးတည့်ရာ စွတ်ပြေးသူမျိုး ဖြစ်ခဲ့သောကြောင့် မိမိ သင်ကြားခဲ့ရသော ပညာကို အရင်းအနှီးမပြုနိုင်ခြင်းဖြစ်ပေသည်။

အတတ်ပညာတစ်ရပ်ရပ်ကို တတ်မြောက်ပါက အသက်မွေးဝမ်းကျောင်း ဖြစ်နိုင်ပေသည်။ လက်သမားပညာ၊ ကျောက်သွေးပညာ၊ ဆံပင်ညှပ်ပညာ၊ မုန့်လုပ်ပညာ၊ စက်ပြင်ပညာ၊ အရောင်းအဝယ်ပညာစသည့် ပညာမျိုးဖြင့် လူတန်းစေ့နေနိုင်သောသူ များစွာရှိပေသည်။ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းဗေဒပညာဖြင့် ဘွဲ့ရပြီး လမ်းဘေးက ပျံကျဆိုင်သမားတစ်ယောက်လောက်မျှ ဝင်ငွေမရှာနိုင်သူများလည်း ရှိပေသည်။ လက်တွေ့အသုံးချနိုင်သည့် ပညာကို ပိုင်နိုင်တတ်မြောက်အောင် သင်ပြီး တတ်မြောက်ထားသော ပညာကို စီးပွားရှာရန် အရင်းအနှီးအဖြစ် အသုံးချနိုင်ပါမှ ပညာသင်ကြားရကျိုးနပ်ပေမည်။ ဤသို့ဖြစ်ရန်အတွက် ဘဝအသိလိုပေသည်။ စကတည်းက ဘဝအသိနှင့် ရည်ရွယ်ချက်ရှိရှိ စတင်ပြီး ရည်ရွယ်သည့်အတိုင်း ခရီးပေါက်အောင် ကြိုးစားအားထုတ်ရပေလိမ့်မည်။

ဘဝတစ်ခုတွင် အခြေတကျ ရပ်တည်ရေးသည် အရေးကြီးပေသည်။ ပထမတွင် မိမိတစ်ဝမ်းတစ်ခါး ဖူလုံရေးသည် အရေးကြီးပေသည်။ မိဘအရိပ်အာဝါသ၊ မိဘထောက်ပံ့ကျွေးမွေးမှုဖြင့် တစ်သက်လုံး ရပ်တည်နိုင်မည်မဟုတ်ပေ။ မိဘကလည်း တစ်သက်လုံး တာဝန်ယူကျွေးမွေးသွားနိုင်သော အခြေအနေရှိကောင်းမှ ရှိပေမည်။ ယောကျ်ားသည် အိမ်ထောင်ဦးစီးဖြစ်၍ နောက်ထပ်တိုးပွားလာမည့် မယားနှင့်

mgyoe.com

mgyoe.com


သားသမီးများ၏ ပါးစပ်ပေါက်များကို ဝဝလင်လင် ကျွေးမွေးခွဲ့ရပေဦးမည်။ အိမ်ထောင်တစ်ခုလုံး၏ ရပ်တည်မှုကို တာဝန်ယူရပေဦးမည်။ မိန်းကလေးဖြစ်လျှင်လည်း မှီခိုရာ ရှာရပေလိမ့်မည်။

မိန်းကလေးဖြစ်၍ အချိန်တန်၍ အိမ်ထောင်ရက်သားကျလျှင် သူ့လင်က တာဝန်ယူ ကျွေးမွေးဆင်ခြင်ပေးလိမ့်မည်ဟု စိတ်ချလက်ချ မပူမပင်နေ၍ရမည်မဟုတ်ပေ။ မယားမှတ်မှတ် သားမှတ်မှတ် လုပ်ကိုင်ကျွေးမွေးမည့် လင်မျိုး၊ ကြီးပွားတိုးတက်ရန် လူစွမ်းလူစရှိသောယောကျ်ားမျိုး၊ လုံ့လဝီရိယနှင့် အကျင့်စာရိတ္တ၊ ကြင်နာမှုတို့ ပြည့်ဝသောသတို့သားမျိုးကိုရရှိအောင် မိမိ၏အရည်အချင်းများ မြှင့်တင်ရပေမည်။ ရောင်းကုန်ကို ဝယ်ယူတတ်အောင် ကျွမ်းကျင်စွာ အရည်အသွေး ပြတတ်ရပေမည်။ မိမိက တော်မှလည်း မိမိအတွက် ထိုက်တန်သော ဖူးစာဖက်ကောင်းကို ရနိုင်ပေမည်။ အိမ်ထောင်ကျလာသောအခါလည်း အိမ်ထောင်ရှင်မကောင်းတစ်ယောက်၏ နေရာကိုယူ၍ မိမိလင်သား၏ တိုးတက်ကြီးပွားမှုအတွက် အထောက်အကူပြုနိုင်အောင် အရည်အချင်းပြည့်ရပေလိမ့်မည်။

မိမိအရည်အချင်းမရှိလျှင် အိမ်ထောင်ဖက်ကောင်းရရန် လွယ်မည်မဟုတ်ပေ။ အိမ်ထောင်ဖက် အရွေးမှားလျှင်လည်း လင်ဆိုးမယားတဖားဖားဖြစ်၍ ဘဝချမ်းမြေ့သာယာမှု ရရှိခံစားရမည် မဟုတ်ပေ။ ထို့ကြောင့် မိန်းကလေးအတွက်လည်း ပေါ့ပေါ့နေ၍ မရပေ။

ဘဝရပ်တည်မှုသည် မူလအစမျှသာ ရှိပေသေးသည်။ ဘဝ၏ အနည်းဆုံးသော လိုအင်ပင်ဖြစ်ပေသည်။ ရပ်တည်မှုရရှိပြီးသောအခါ တစ်နေ့ထက်တစ်နေ့ တိုးတက်ကြီးပွားမှုကို ရယူဖန်တီးရဦးမည်ဖြစ်ပေသည်။ လူ၏လိုအင်ဆန္ဒ လောဘတို့သည် ရပ်နားနေခြင်း မရှိပေ။ ဝမ်းဝလာသောအခါ ခါးလှချင်ပြန်ပေသည်။ အိမ်ရာ တိုက်တာ၊ ယာဉ်

mgyoe.com

mgyoe.com


ရထားမှစ၍ ကိုယ်ပိုင်ရယူချင်ပြန်ပေသည်။ လူသည် အသက်ရှင်မှုအတွက် ဆာလောင်မွတ်သိပ်မှု ပြေငြိမ်းစေရန်အတွက် စားသောက်ကြရသည်။ သို့ရာတွင် စားစရာရှိလာသောအခါ အနံ့အရသာ၊ အမြင်၊ အတွေ့အထိ ကောင်းသော အစာအာဟာရဖြစ်အောင် ဖန်တီးပြီး စားသောက်ကြပေသည်။ အသားတစ်မျိုးတည်း အသီးအရွက်တစ်မျိုးတည်းကို အသွင်အပြင်အမျိုးမျိုးဖြင့် ထွေပြားအောင် ချက်ပြုတ်ကြပေသည်။ အဝတ်တွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။

မူလက ရာသီဥတု အပူအချမ်းဒဏ်ကို ခံနိုင်ရန် အရှက်ကို ကာကွယ်ရန်သာဖြစ်သော်လည်း နောက်ပိုင်းတွင် အရောင်အသွေး၊ ပုံစံ လုပပုံမှအစ အထိအတွေ့နူးညံ့မှု ကြာရှည်ခံမှု စသည့် လိုအပ်ချက်များ ဆင့်ပွားလာကာ တီထွင်၍မဆုံး ဝယ်ခြမ်း၍မဆုံးအောင် ဖြစ်လာခဲ့ပေသည်။ နေထိုင်စရာ အရိပ်အာဝါသဆိုလျှင်လည်း သစ်ခက်တဲမှစ၍ အထပ်ပေါင်းများစွာမြင့်သော တိုက်တာများအထိ လိုအင်ဆန္ဒကြီးမားသလောက် တီထွင်ပြုလုပ်ခဲ့ကြသည်။ ယာဉ်ရထားဆိုလျှင်လည်း လိုရာခရီးကို သက်သာစွာ ရောက်ရှိရန်အတွက်သာမက စည်းစိမ်ခံရန် ရွှေ့လျားခန်းမဆောင်ပမာ မွမ်းမံဖြည့်တင်း၍ ဇိမ်ခံပစ္စည်းအဖြစ် ဖန်တီးလာခဲ့ကြပေသည်။

ဤသည်တို့မှာ တစ်ဆင့်ပြီးတစ်ဆင့် လူနေမှုနှင့် ဘဝကို တိုးမြှင့်လာခဲ့ကြခြင်းဖြစ်ရာ လူတစ်ယောက်တွင်လည်း မိမိဘဝရပ်တည်မှု၊ မိသားစု မှီခိုနိုင်မှုနှင့်သာ မပြီးသေး၊ ဘဝအဆင့်မြင့်မှု၊ တိုးတက်ကြီးပွားမှုတို့ကို ဆင့်ကဲမျှော်မှန်း ဦးတည်ဖြည့်တင်းကြရပေသည်။ ဤလုပ်ငန်းတာဝန်ကို မိမိတစ်ဦးတည်းကသာ လောဘဇောတိုက်ကာ မှန်းထားကြိုးစားနေသည်မဟုတ်၊ အခြားသူပေါင်းများစွာကလည်း မိမိတို့ဘဝအတွက် ကြိုးပမ်းဖြည့်တင်းခဲ့ကြသည်။ ဖြည့်တင်းနေကြသည်။

mgyoe.com

mgyoe.com


နောင်လည်း ဆက်လက်ဖြည့်တင်းနေကြဦးမည်ဖြစ်သည်။ ဤရေဆန်ခရီးတွင် သင်တစ်ယောက်မပါဘဲ နေပါဦးမည်လော။

'ငါ ဘာပညာ ဘာအတတ်ဖြင့် အသက်မွေးမည်၊ ကြီးပွားအောင်မြင်အောင်လုပ်မည်' ဟူ၍ ရေရေရာရာ သတ်မှတ်ချက်ကို စဉ်းစားချမှတ်ရပေမည်။ 'ကြုံသလို ကြည့်လုပ်တာပေါ့၊ မီးစင်ကြည့်ကရမှာပေါ့၊ တစ်နေ့ကျ သူ့ဟာသူဖြစ်လာမှာပါ' ဟူ၍ ဘဝကို ပေါ့ပေါ့တန်တန်သဘောထား၍မရပေ။ 'ငွေအရင်းအနှီးရှိရင် ဘာမဆို လုပ်လို့ရတယ်' ဟု ဆိုကြသူများကို တွေ့ရပေသည်။ အကပ်အရပ် မရှိသေးလို့ပါ၊ အကပ်ကောင်းရင် အလွယ်ကလေးပါဟု ဆိုကြသူများလည်း ရှိပေသည်။ ပါးစပ်ကသာ ပြောနေပြီး ဆုံးဖြတ်ချက်မရှိ၊ ပိုင်နိုင်သော အရည်အချင်း မရှိ၊ လက်တွေ့မကြိုးစားရဲသူများ ရှိပေသည်။ 'သူ့လို ငါလည်း လုပ်လို့ရပါတယ်' ဟူ၍ စိတ်ကူးထဲတွင်သာ ကျေနပ်နေသူများလည်း ရှိပေသည်။ လက်တွေ့ ဘာမျှမလုပ်ရင် ဘာမှဖြစ်လာမည် မဟုတ်ပေ။ သူတစ်ပါးအောင်မြင်ကြီးပွားသည်ကို ကြည့်ပြီး သွားရည်ကျနေရုံ၊ စိတ်ကူးယဉ်နေရုံနှင့် မပြီးသေး။ အောင်မြင်ပြီးသော အခြေအနေကိုသာ မော့မကြည့်ဘဲ သူ ထိုသို့အောင်မြင်အောင် ဘယ်နည်းဘယ်ပုံ ကြိုးစားခဲ့ရသည်ကိုလည်း ကြည့်ဖို့ လိုပေသည်။

အချို့ဖြတ်လမ်းဖြင့် ကံအခွင့်သင့်၍ အောင်မြင်ကြီးပွားသူမျိုး ရှိပေသည်။ သူ အောင်မြင်သလို ကိုယ်က အောင်မြင်ချင်မှ အောင်မြင်ပေမည်။ သူ့အခြေအနေ၊ သူ့ပတ်ဝန်းကျင်၊ သူ့အခါအခွင့်မျိုး ကိုယ်က ရချင်မှ ရပေမည်။ လူတစ်ယောက်လျှင် ကံကြမ္မာတစ်မျိုး ရှိတတ်ပေသည်။ သို့ရာတွင် ကံကြမ္မာကိုချည်း စောင့်၍ မရပေ။ ကံကြမ္မာကို ယိုးမယ်ဖွဲ့၍ မရပေ။

အချို့က မိဘကိုပင် အပြစ်တင်ပေသည်။ ငါ့မိဘက သူ့မိဘလို

mgyoe.com

mgyoe.com


အသုံးမကျလို့ ငါ သည်လိုဖြစ်နေရတာဟု ထင်မြင်ယူဆနေသူများ ရှိပေသည်။ မိဘစွမ်းရည်၊ အခြေအနေ၊ အခွင့်အရေးချင်း တူချင်မှတူပေမည်။ သို့ရာတွင် ကိုယ်က သူနှင့်မတူ။ သူ့လို မစွမ်းသည်ကိုမူ ထည့်သွင်း မစဉ်းစားတတ်ကြပေ။ အဓိကမှာ မိမိဘဝကို မိမိဖန်တီးရန် တာဝန်ရှိပေသည်။ မိဘမဲ့ဖြစ်ခဲ့သောသူများ ကောင်းစားနေသည်ကို တွေ့နိုင်ပေသည်။ မည်သူ၏အပြစ်၊ လစ်ဟာချို့တဲ့ချက်ပင်ဖြစ်စေကာမူ မိမိဘဝအတွက် တာဝန်အရှိဆုံးမှာ မိမိသာပင်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် လက်ညှိုးမထိုးဘဲ တရားခံလိုက်ရှာနေရုံဖြင့် ဘဝ မပိုပြင်နိုင်ပေ။

'သူတို့ ဘာလုပ်နေကြသလဲ၊ သူတို့ ဘယ်လိုကြီးပွားနေကြသလဲ၊ သူတို့ ဘယ်လိုအရင်းအနှီးရကြသလဲ၊ သူတို့ ဘယ်လိုကြိုးစားနေကြသလဲ၊ သူတို့ ဘယ်လိုဘဝကိုရုန်းကန်ခဲ့ကြသလဲ၊ သူတို့ ဘယ်တုံးက စတင်ကြိုးစားခဲ့ကြသလဲ' စသည်ဖြင့် အခြားသူများကိုလည်း သေသေချာချာ လေ့လာ၍ နည်းယူရပေမည်။ 'ငါ ဘာတွေလုပ်နေသလဲ၊ ငါ ဘာလုပ်တတ်သလဲ၊ ငါ့ဘဝကို ဘယ်လိုဖန်တီးမလဲ၊ ငါ ဘယ်လိုအသက်မွေးဝမ်းကျောင်းမှု လုပ်မလဲ၊ ငါ့မှာ ဘာအရင်းအနှီး ဘာအခြေအမြစ်၊ ဘာစွမ်းရည်၊ ဘာအခြေအနေပေးမှုရှိသလဲ၊ ငါ သူများနှင့်မတူတာ ဘာကြောင့်လဲ၊ ဘာအားနည်းချက်ရှိသလဲ၊ ငါ့မှာ ဘာလစ်ဟင်းချက်ရှိသလဲ စသည်ဖြင့် မိမိကိုယ်ကိုလည်း စစ်ဆေးပေးရပေမည်။

လူတိုင်း ကြီးပွားချင်ကြသည်။ ကြီးပွားလမ်းကို လိုက်ချင်ကြသည်။ သို့ရာတွင် လူတွေအားလုံး အခြေခံချင်း၊ လုံ့လဝီရိယချင်း မတူညီကြပေ။ ကြီးပွားလမ်းချင်းလည်း မတူကြပေ။ လက်ဖက်ခြောက်ရောင်း၍ ချမ်းသာသူ၊ သင်္ကန်းပရိက္ခရာရောင်း၍ သူဌေးဖြစ်သူ၊ မုန့်ဟင်းခါးရောင်း၍ တိုက်ဆောက်သူ၊ ဘတ်စ်ကားထောင်၍ ကြီးပွားသူ၊ စားသောက်ဆိုင်ဖွင့်၍ စီးပွားဖြစ်စေသူ စသည်များစွာရှိပေသည်။ အရင်းအနှီးရှိသူတွေ

mgyoe.com

mgyoe.com


ကြီးပွားကြသည်ဟု နားလည်လျှင် ထိုအရင်းအနှီးရှာဖွေစုဆောင်းရန်၊ ထိုမျှ အရင်းအနှီးရှိလာရန် မည်သို့ကြိုးစားရသည်ကို နားလည်အောင် သိတတ်အောင် ကြိုးစားရပေလိမ့်မည်။

လူတိုင်း ထီပေါက်သည် မဟုတ်။ မိဘအမွေရသည် မဟုတ်၊ ရွှေအိုးကို ခလုတ်တိုက်မိသည် မဟုတ်ပေ။ သူဌေးသားကမှ သူဌေးဖြစ်ရမည်ဟူ၍ ဥပဒေသတ်မှတ်မထားပေ။ ငွေသိန်းနှင့်ချီပြီး ရင်းနိုင်မှ အရောင်းအဝယ်လုပ်တော့မည်ဟူ၍ ရွေ့ဆိုင်းထား၍ မဖြစ်ပေ။ သူ့အခြေအနေ၊ သူ့အခွင့်အလမ်းမျိုး ကိုယ့်မှာ ရချင်မှရပေမည်။ သို့ရာတွင် ကိုယ့်မှာ သူ့လိုခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ရှိသည်။ သူ့လုံ့လဝီရိယမျိုး ကိုယ့်မှာရှိသည်။ သူ့ပညာမျိုး၊ သူ့အစွမ်းမျိုး၊ သူ့အရင်းအနှီးမျိုး မရှိစေကာမူ မိမိတွင်ရှိသမျှသော အစွမ်းကိုထုတ်၍ အသုံးပြုရပေလိမ့်မည်။ သူ့ထက် ကိုယ်က သာချင်လည်း သာသွားနိုင်ပေသည်။ ဆုတ်နစ်အားငယ်၍ လက်ပိုက်ငေးငိုင်မနေရန်သာ လိုသည်။ ရှေ့ကပြေးနှင့် သူကို မမီစေကာမူ မိမိပြေးနိုင်သလောက် ခရီးရောက်မည်မှာ သေချာပေသည်။

❒

mgyoe.com

mgyoe.com



# ဘဝတာဝန်

လူ့ဘဝတာဝန်သည် သေးငယ်လှသည်မဟုတ်ပေ။ မည်သူကမျှ တာဝန် မပေးစေကာမူ မိမိဆန္ဒ၊ လောဘ၊ မျှော်မှန်းချက်အရ ကြီးလေးသော တာဝန်ကို ယူကြရပေသည်။ ဤတာဝန်ကို မယူချင်လျှင် လူ့လောက ထဲတွင် အနုညာတ၊ ဆန်ကုန်မြေလေးအဖြစ်နှင့်သာ ရပ်တည်နေရပေ မည်။ ထိုထက်ဆိုး၍ ဘဝပါ စောစောစီးစီး ပျောက်ကွယ်သွားနိုင်ပေ သည်။ ဘဝဆိုသည်မှာ ရှန်းကန်တိုးထွက်နေရသော ဖြစ်စဉ်ကြီးပင်ဖြစ် သည်။ သာမန် အပျော့စား ဖွဲလုံ့လ၊ အကြံဉာဏ်မျှဖြင့် တိုးဝင်နိုင်မည် မဟုတ်ပေ။

လူတစ်ယောက်စီတွင် ဘဝမှန်းထားချက် အမျိုးမျိုးရှိနိုင်ပေသည်။ အချို့က ကြီးပွားချမ်းသာချင်သည်။ အချို့က နာမည်ကြီး လူသိများ ချင်ပေသည်။ အချို့က ချီးမွမ်းအံ့သြခံလိုပေသည်။ အချို့က သမိုင်းတွင် နေရာတစ်ကွက် စိုက်ထူခင်းကျင်းလိုပေသည်။ အချို့က သူတစ်ပါးထက် လက်တစ်လုံး ပိုသာချင်ပေသည်။ အချို့က အပျော်ကြီးပျော်၍ နေချင် သည်။ အချို့က ကာမစည်းစိမ်ခံစားလိုသည်။ လူအသီးသီးသည် မိမိ

mgyoe.com

mgyoe.com


လိုရာဆန္ဒကို ဖြည့်တင်းရန် အားထုတ်ကြိုးစားနေကြရသည်။ လောကီမှန်းထားချက်၊ လောကုတ္တရာမှန်းထားချက်၊ မည်သည့် မှန်းထားချက်အတွက်မဆို ပင်ပန်းကြီးစွာ အားထုတ်ရသည်။ ရဟန်းသံဃာတို့လည်း ရဟန်းသံဃာအလျောက် သာသနာ့ကိစ္စတာဝန်ကို ထမ်းဆောင်ရသည်။

လူ့လောကတွင် အချောင်ခို၊ လေကြဲစီးချင်သူများအတွက် နေရာမရှိပေ။ တတ်အားသမျှ လုံ့လဝီရိယဖြင့် အားထုတ်ကြိုးပမ်းမည့်သူများအတွက်သာ နေရာရှိပေသည်။ ခြေလက်လှုပ်ရှား၍ ကူးခပ်နေသူသာ အသက်ရှင်နိုင်ပြီး မကူးမခပ်တော့လျှင် စုံးစုံးမြုပ်သွားမည်သာ ဖြစ်သည်။

သို့ဖြစ်လျှင် လူတစ်ယောက်သည် ဘဝခရီးလမ်းတွင် လိုက်ပါချီတက်နိုင်ရန် ဘာလိုပါသနည်း။ အကြံဉာဏ်လိုသည်။ ဘဝအရင်းအနှီးလိုသည်။ လုံ့လဝီရိယလိုသည်။ ဖွဲ့သတ္တိလိုသည်။ ပတ်ဝန်းကျင်ကောင်း၊ အခါခွင့်ကောင်း ရရန်လိုသည်။ မိတ်ဆွေအကူအညီကောင်း လိုသည်။ ခိုင်မာသော ရည်မှန်းချက်အဓိဋ္ဌာန်လိုသည်။ ဗဟုသုတ အကြားအမြင်လိုသည်။ စိတ်ဓာတ်ခိုင်မာရန် လိုသည်။ 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်' ဟူသော မဆုတ်မနစ် ကြိုးစားမှုလိုပေသည်။

သင်သည် တိုးတက်ကြီးပွားရာ ခရီးလမ်းတွင် ချီတက်နေသူများနှင့် လိုက်ပါမည်လော။ လူ့နောက်ပိတ်ခွေး၊ လူဖျင်းလူနုံ၊ လူညံ့အဖြစ်နောက်ချန်နေခဲ့မည်လော။ ဆုံးဖြတ်ရပေလိမ့်မည်။ သင့်ဆန္ဒ၊ သင့်ဆုံးဖြတ်ချက်အရ လိုက်ပါမည်ဆိုပါလျှင် လိုက်ပါနိုင်အောင် လိုအပ်ချက်များနှင့် ပြည့်စုံရပေလိမ့်မည်။ သင့်မှာ ဘာတွေ ဘယ်မျှ ပြည့်စုံထားပါပြီနည်း။

လူ့ဘဝတွင် အကြံဉာဏ်ကောင်းလိုပေသည်။ မလုပ်မီ စဉ်းစားရသည်။ ဉာဏ်ထုတ်ရသည်။ ဉာဏ်အရာတွင် မှတ်ဉာဏ်၊ ဆုံးဖြတ်ဉာဏ်

mgyoe.com

mgyoe.com



နှင့် တီထွင်ဉာဏ်ဟူ၍ အမျိုးမျိုးရှိပေသည်။ သင်သည် အချက်အလက်များ၊ နည်းနာများ၊ နည်းပညာများ စသည့် မှတ်မိစရာများစွာ လိုပေမည်။ မှတ်ဉာဏ်ကောင်းအောင် လေ့ကျင့်အားထုတ်ရပေမည်။ သာမန်အားဖြင့် မိမိတစ်နေ့က ဘာဟင်းနှင့် စားခဲ့သည်ကိုပင် မှတ်မိကောင်းမှ မှတ်မိပေမည်။ သို့ရာတွင် လွန်ခဲ့သည့် ဆယ်နှစ်က ခွဲခွာခဲ့ရသော ချစ်သူက စကားနာထိုးခဲ့သည့်စကားလုံးများကို ယနေ့တိုင် ကြားယောင်မှတ်မိနေပေမည်။ မှတ်ဉာဏ်သည် စိတ်ဆန္ဒခံယူချက်နှင့်လည်း ဆိုင်ပေသည်။ မှတ်မိထားချင်သောစိတ်၊ မှတ်မိအောင် ကြိုးစားအားထုတ်မှုလည်း လိုပေသည်။

သမိုင်းပညာရှင်သည် ခုနှစ်သက္ကရာဇ်ပေါင်းများစွာကို မှတ်မိထားရပေသည်။ တယ်လီဖုန်း စုံစမ်းရေးဌာနလုပ်သားသည် အရေးကြီးသော တယ်လီဖုန်းနံပါတ်ပေါင်းများစွာကို မှတ်မိထားရပေသည်။ ဆေးပညာရှင်သည် ကိုယ်ခန္ဓာအစိတ်အပိုင်း အသေးစိတ် အမည်များ၊ ဆေးဝါးအမည်များ၊ ရောဂါအမည်များကို မှတ်မိနေရပေသည်။ စီးပွားရေးလုပ်ငန်းရှင်များတွင်လည်း ကုန်ပစ္စည်း၊ ကုန်စျေးနှုန်း၊ ဆက်သွယ်သူများကို မှတ်မိနေရပေလိမ့်မည်။ မှတ်စုများ၊ ကွန်ပျူတာများရှိနေစေကာမူ ဦးနှောက်ထဲတွင် ထည့်သွင်းထားရမည့် အရာများ ရှိနေပေသေးသည်။ စိတ်အားထက်သန်မှုရှိပြီး ပြန်လှန်စဉ်းစားခြင်း၊ လေ့ကျက်ခြင်းတို့ဖြင့် မှတ်ဉာဏ်အင်အား တိုးတက်စေနိုင်သည်။

ဆုံးဖြတ်ဉာဏ်သည်လည်း အရေးကြီးပေသည်။ စဉ်းစားဉာဏ်ဟူ၍လည်း ဆိုနိုင်ပေသည်။ ကိစ္စတစ်စုံတစ်ရာကို လုပ်သင့်၊ မလုပ်သင့် ဆုံးဖြတ်ရပေမည်။ ချီတုံချတုံ လိပ်ခဲတည်းလည်းအချိန်ဆွဲ တွေဝေနေ၍ မပြီးပေ။ ထိုသို့ ဆုံးဖြတ်ရာတွင် အကျိုးအပြစ်၊ အရှုံးအမြတ် စသော တိုင်းတာစဉ်းစားစရာလည်း ရှိပေမည်။ သိနားလည်မှု၊ ပြတ်သားစွာ

mgyoe.com

mgyoe.com



စဉ်းစားဆင်ခြင်မှု၊ ချိန်ထိုးတိုင်းတာဝေဖန်မှုများ အလျင်အမြန် ပေါ်ထွက်လာရပေမည်။ အချိန်လိုအပ်၍ အချိန်ယူစဉ်းစားသည့် တိုင်အောင် ထိုအချက်များကိုသာ စဉ်းစားရပေလိမ့်မည်။ အချို့နေရာတွင် အခါအခွင့်အလိုက် အချိန်တိုအတွင်း ဆုံးဖြတ်ချက်ချရမည့် ကိစ္စများလည်း ရှိနိုင်ပေသည်။

အဆုံးအဖြတ်တစ်ခုအတွက် မည်သည့်အချက်များကို သုံးသပ်ဝေဖန်စဉ်းစားရမည်ဆိုသည်ကို စဉ်းစားလေ့ရှိသော အသိဉာဏ်က ရုတ်ခြည်းဖော်ထုတ်ပေးနိုင်ပေသည်။ ကုန်အရောင်းအဝယ်သမားတစ်ယောက်သည် ပစ္စည်းတစ်ခုကို ဝယ်မည်ဆိုပါက ဈေးနှုန်းသင့်သလော၊ အမြတ်ကျန်နိုင်မည်လော၊ ပစ္စည်းကောင်းမွန်သလော၊ ကြာရှည်ခံနိုင်ပါမည်လော၊ ထားသိုစရာရှိသလော၊ မည်မျှသိုလှောင်ထားရဖွယ်ရှိသနည်း၊ မည်မျှကာလအတွင်း ပျက်စီးနိုင်သည်၊ လူကြိုက်နည်းလာနိုင်သည်၊ ဈေးနှုန်းတက်မည်ကျမည်၊ ရောင်းကွက်မည်သို့ရှိမည်၊ မည်သူများ မည်သည့်ဒေသတွင် ကြိုက်နှစ်သက်မည်၊ မည်သို့ပြုပြင်ထားသိုရန်လိုသည်၊ မည်သို့ ကုန်ကျစရိတ်တက်လာမည်၊ မည်သို့ ပို့ဆောင်ထုပ်ပိုးရမည် စသည်များကို တစ်ခဏအတွင်း စဉ်းစားပြီး ဖြစ်နိုင်ပေသည်။ သို့မှလည်း ဝယ်သင့်၊ မဝယ်သင့် ဆုံးဖြတ်နိုင်ပေမည်။

စဉ်းစားဆုံးဖြတ်ရာတွင် အကျိုးမည်မျှရှိမည်။ အပြစ်မည်မျှရှိမည်။ အကောင်းမည်မျှရှိမည်။ အဆိုးမည်မျှရှိမည်။ အမြတ်မည်မျှရှိမည်။ အရှုံးမည်မျှရှိမည်တို့ကို တွက်ဆခြင်းဖြင့် အကျိုး၊ အကောင်း၊ အမြတ်တို့ဘက်မှ သာလွန်လျှင် လက်သင့်ခံပြီး အပြစ်၊ အဆိုး၊ အရှုံးရှိလျှင် လက်သင့်မခံရန်ပင် ဖြစ်ပေမည်။ သို့ရာတွင် အရာရာတိုင်းသည် ပြတ်သားပေါ်လွင်မည် မဟုတ်ပေရာ ရေတိုရေရှည်ထည့်တွက်ပြီးမှ ဆုံးဖြတ်ရမည့်ကိစ္စများလည်း ရှိပေမည်။ အဆိုးအပြစ်တို့ ရောဝင်နေ

mgyoe.com

mgyoe.com



ပါကလည်း မည်မျှအထိ ဆိုးမည်၊ ပြုပြင်နိုင်စွမ်း ရှိ၊ မရှိ စသည်တို့ကို တွက်ချက်ရပေလိမ့်မည်။ ခွင့်လွှတ်လက်ခံနိုင်လောက်သော အဆိုးအပြစ်မျိုး ဟုတ်၊ မဟုတ်ကိုလည်း ထည့်တွက်ရပေမည်။ အနည်းငယ်သော အပြစ်က ကြီးမားသော ဆိုးကျိုးကို ဖြစ်စေနိုင်သည်လည်း ရှိပေသည်။ ထို့ကြောင့် စဉ်းစားဆင်ခြင်ရပေမည်။ ဤနည်းဖြင့် မှန်ကန်သော ဆုံးဖြတ်ချက်ကို ချနိုင်မည်ဖြစ်ပေသည်။

တီထွင်ဉာဏ်သည်လည်း အရေးကြီးပေသည်။ ထိုးထွင်းဉာဏ်ဟူ၍လည်း ဆိုနိုင်ပေသည်။ ရုတ်တရက် ထုတ်ဖော်နိုင်သော အကြံဉာဏ်ကို တခ်ဏုပ္ပတ္တိဉာဏ်ဟူ၍လည်း ခေါ်ပေသည်။

ဘာကို ဘယ်လိုလုပ်လျှင် ကောင်းမည်။ ပြဿနာကို ဘယ်လိုနည်းလမ်းဖြင့် ဖြေရှင်းမည်ဟူ၍ နည်းလမ်းရှာကြံထုတ်ဖော်တတ်ရပေမည်။ လက်ရှိအခြေအနေထက် ပိုကောင်းအောင် မည်ကဲ့သို့ ပြုလုပ်ရမည်ကိုလည်း ထိုးထွင်းကြံဆနိုင်ပေသည်။

တီထွင်ဉာဏ်၊ ထိုးထွင်းဉာဏ်သည် တိုးတက်ရေးအတွက် များစွာအကျိုးပြုမည်ဖြစ်လေသည်။ ပြောင်းလဲနေသော အခြေအနေတိုင်းအတွက် အသစ်အသစ်သော ဉာဏ်ရည်များ ဖြစ်ပေါ်ရပေလိမ့်မည်။ ပိုမိုကောင်းမွန်ထိရောက် အကျိုးပြုမည့်နည်းလမ်းကို အမြဲရှာကြံစဉ်းစားနေရပေလိမ့်မည်။

ကုန်ပစ္စည်း ထုတ်လုပ်သူများသည် ပုံစံဒီဇိုင်းမှစ၍ အမြဲဆန်းသစ်ထူးခြားပြီး အကျိုးပြုမှု ပို၍ ထက်မြက်စေရန်၊ ထုတ်လုပ်မှုစရိတ် သက်သာစေရန်၊ လူကြိုက်များစေရန် အမြဲအကြံထုတ်နေရပေမည်။ သို့မဟုတ်ပါက ခေတ်နောက်ကျနေပြီး ယှဉ်ပြိုင်ဘက်များ၏ နောက်တွင် ကျန်နေပေမည်။ တိုးတက်မှုလမ်းကြောင်းတွင် တင်းတိမ်ရပ်တန့်နေ၍ မဖြစ်ပေ။ ရပ်တန့် ခြင်းသည် နောက်ကျန်ခြင်းပင် ဖြစ်သည်။

❐

mgyoe.com

mgyoe.com



# ဘဝအရင်းအနှီး

အကြံဉာဏ်ဟူသမျှကို အသုံးချရပေမည်။ မှတ်ဉာဏ်ရှိလျှင် စဉ်းစားဉာဏ်ရှိလာပေမည်။ စဉ်းစားဉာဏ်ရှိလျှင်လည်း ထိုးထွင်းကြံစည် ဉာဏ်ထက်သန်လာပေမည်၊ ဓားကို အမြဲထက်မြက်နေစေမှ သုံးစရာရှိလျှင် အသင့်ရှိမည်ဖြစ်ရာ ဉာဏ်ကိုလည်း ထက်မြက်နေအောင် သွေးထားရပေမည်။ မှတ်ခြင်း၊ စဉ်းစားခြင်း၊ ကြံဆခြင်းတို့ဖြင့် ထပ်တလဲလဲ အသုံးပြုစေစားနေပါက ဉာဏ်သည် သံချေးမတက်နိုင်ပေ။ ထုံထိုင်းလေးကန်ခြင်း မဖြစ်နိုင်ပေ။ ကျောင်းများတွင် သင်္ချာသင်ခြင်း၊ ပဟေဠိဖြေစေခြင်းတို့သည် ပုစ္ဆာတွက်တတ် ချက်တတ်ရုံအတွက်သာမဟုတ် ဉာဏ်ထုတ်စေစားမှုကို အကျင့်ပါနေစေရန်လည်း ရည်ရွယ်ပေသည်။

လူတစ်ယောက်တွင် ဉာဏ်ကောင်းသည်ဖြစ်စေ၊ ဉာဏ်ညံ့သည်ဖြစ်စေ ထိုက်သင့်သော၊ အသုံးချ၍ရသော ဉာဏ်အဆင့်ကိုမူ ရရှိနိုင်ပေသည်။ သိပ္ပံသင်္ချာပါရဂူကြီးဖြစ်မှ ဉာဏ်ရည်ပြည့်ဝမည်ဟု မဆိုသာပေ။ သာမန်ဦးနှောက်ဖြင့် လုပ်ငန်းအမျိုးမျိုးကို တိုးတက်အောင် လုပ်နေကြပေသည်။ ဉာဏ်နည်းသော အိမ်ဖော်သည်ပင် ထမင်းနပ်မနပ် နပ်အောင်

mgyoe.com

mgyoe.com



မည်မျှအချိန်ကြာမည်၊ ရေဘယ်လောက်ထည့်ဖို့ လိုသည်ကို သူ့အတွေ့အကြုံ၊ စဉ်းစားဉာဏ်ဖြင့် ပိုင်းခြားသိနိုင်ပေသည်။ ကျောင်းတွင် အဆင့်နိမ့်၍ ပညာညံ့ဖျင်းခဲ့သူများပင် သူ့နေရာနှင့်သူ ထိပ်တန်းရောက်လာကြသည်ကို တွေ့ရှိနိုင်ပေသည်။

ဉာဏ်ရှိရုံနှင့်မပြီး ဘဝအရင်းအနှီး လိုပေသည်။ ဘဝအရင်းအနှီးဆိုသည်မှာ ငွေချည်းမဟုတ်ပေ။ ငွေသက်သက်ရှိရုံဖြင့် မကြီးပွား မတိုးတက်နိုင်ပေ။ ထိုငွေကို ထိုက်တန်ရာ၌ ရင်းနှီးမြှုပ်နှံရပေမည်။ ထိုငွေကိုစေခိုင်းရန် ဉာဏ်နှင့်အသိပညာ၊ အတတ်ပညာ လိုပေသည်။ ငွေဖြင့်ငွေကိုရအောင် တိုးအောင် ရှာတွေ့နိုင်သကဲ့သို့ အတတ်ပညာ၊ နည်းပညာဖြင့်လည်း ရှာနိုင်ပေသည်။ လူတစ်ကိုယ်တွင် ရှိသင့်သော ကာယအား၊ ဉာဏအား၊ အတတ်ပညာအားတို့ရှိခဲ့လျှင် အရင်းအနှီးရှိသည်ဟုပင်ဆိုနိုင်ပေသည်။ ဘဝအရင်းအနှီးအတွက် ပညာသင်ကြားကြရပေသည်။

မည်သည့်အတတ်ပညာမဆို အကျိုးပြုနိုင်ပေသည်။ ပညာသည်အလိုအလျောက်အားဖြင့် အကျိုးမပြုပေ။ ထိုအတတ်ပညာကို အသုံးပြုလာသောအခါ အကျိုးကျေးဇူးရရှိလာပေသည်။ အချို့ပညာကို အနှစ်နှစ်အလလ သင်ယူထားပေသည်။ ဘွဲ့ထူးဂုဏ်ထူးလည်း တသီကြီးရရှိထားပေသည်။ သို့ရာတွင် ထိုပညာကို လက်တွေ့အသုံးမချပေ။ ထို့ကြောင့်လည်း အကျိုးမခံစားရပေ။

ပန်းချီဆရာသည် ပန်းချီရေးဆွဲမှ ပန်းချီကားထွက်ပေမည်။ ပန်းပုဆရာသည် ပန်းပုထုလုပ်မှ ပန်းပုရုပ်များ ထွက်ပေါ်လာပေမည်။ သဘောတရားတွေ ပိုင်နိုင်ပြီး လက်တွေ့အသုံးမပြုသူများ ရှိပေသည်။ လက်တွေ့လုပ်ကိုင်သည့်အခါမှသာ အကျိုးကျေးဇူးခံစားရပေမည်။ ဟင်းချက်နည်းစာအုပ်ကို ကိုက်စား၍ မရပေ။ ဟင်းချက်သည့်အခါမှသာ ဟင်းကိုမြည်းစမ်းနိုင်ခွင့်ရပေမည်။ တတ်ထားသောပညာကို လက်တွေ့အသုံးမချ

mgyoe.com

mgyoe.com



နိုင်ပါက ဘာမျှအကျိုးကျေးဇူးမနပ်ပေ။ သင်ကြားရသည့် ပင်ပန်းမှုနှင့်ပင် မကာမိပေ။ ဘာသာစကားတစ်ရပ်ကို တတ်သည်ဆိုပြီး ဟုတ်တိ ပတ်တိ လည်း မရေးနိုင်၊ အရာဝင်အောင်လည်း မပြောနိုင်လျှင် တတ်သည်ဟု မဆိုနိုင်အောင်ရှိပေမည်။ ပညာနှင့် အစွမ်းသတ္တိ၏တန်ဖိုးကို လက်တွေ့ စေစား အသုံးချနိုင်မှုနှင့် ချိန်ထိုးကာ တန်ဖိုးဖြတ်ရပေသည်။

ဘဝအရင်းအနှီးဆိုသည်မှာ အကျိုးအမြတ်ရလဒ်အတွက် ရင်းနှီး နိုင်မှ တန်ဖိုးရှိပေသည်။ လူ့ဘဝတွင် ပညာအပြင် အတွေ့အကြုံသည် လည်း အရင်းအနှီးဖြစ်ပေသည်။

ရှုံးချင်ရှုံးပါစေ အရှုံးထဲမှ သင်ခန်းစာ ရယူနိုင်လျှင် အတွေ့အကြုံ တိုးပွားခြင်းပင် ဖြစ်သည်။ အတွေ့အကြုံသည် ပညာကို လက်တွေ့ပေးသည် သာမက ခံနိုင်ရည်ကိုလည်း ပေးပေသည်။ အသက်ရလေလေ အတွေ့ အကြုံရလေလေ ဖြစ်ရပေမည်။ အတွေ့အကြုံမရှိသော အသက်ရှည်ခြင်း သည် ဘာမျှတန်ဖိုးမရှိပေ။ အတွေ့အကြုံကို ယှဉ်ပြိုင်၍ မရတတ်ပေ။ နုနယ်ငယ်ရွယ်သူများထက် လောကဓံနှင့် ပတ်ဝန်းကျင်အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရသော ကြီးရင့်သူတို့တွင် ပို၍ အတွေ့အကြုံများမြဲဖြစ်ပေ သည်။ အတွေ့အကြုံကို တစ်ခဏချင်း၊ တစ်ထိုင်တည်း ရရှိနိုင်သည် မဟုတ်ပေ။ သာမန်အတွေ့အကြုံမှသည်လည်း အကျိုးမဖြစ်စေနိုင်ပေ။ ပညာရသော၊ အတွေးအခေါ် တိုးတက်စေသော၊ ကျွမ်းကျင်မှုရစေသော၊ သင်ခန်းစာရစေသော အတွေ့အကြုံမျိုးသာလျှင် ဘဝအတွက် တန်ဖိုးရှိ ပေသည်။

အတွေ့အကြုံမရှိသောလူသည် ဥမဥသော ကြက်မ၊ လယ်မထွန် နိုင်သော နွားထီး၊ တက်မပါသော လှေတို့နှင့် တူပေသည်။ အသုံးကျသင့် သလောက်မကျပေ။ အတွေ့အကြုံဆိုသည်မှာ ယူတတ်မှ၊ သုံးသပ်ဝေဖန် တတ်မှတန်ဖိုးရှိသော အတွေ့အကြုံဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် တီထွင်မှု

mgyoe.com

mgyoe.com



ပြုခဲ့သော ပညာရှင် အများအပြားမှာ တွေ့ကြုံရသမျှသော သဘာဝခြင်းရာတို့မှ စဉ်းစားဆင်ခြင်ခြင်းဖြင့် တွေ့ရှိချက်များ ရရှိလာပြီး ယင်းအသိတရားအရ တီထွင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ တစ်ခါကြုံလည်း မမှတ်၊ နှစ်ခါကြုံလည်း မမှတ်ဆိုလျှင် အတွေ့အကြုံသည် အလကားပင် ဖြစ်ပေသည်။ အလွန်တော်သော ဆရာသမားနှင့် ကာလကြာရှည် တွေ့ကြုံဆုံဆည်းခွင့်ရပါလျက် ပညာမယူလိုက်မိသော သူသည် မိုက်မဲရာကျပေမည်။ ဇာတ်ထဲမှ ယိမ်းသမသည် နာမည်ကြီး မင်းသမီးကြီးများနှင့် တွေ့ထိရှုမြင်နေရပါလျက် အနှစ်နှစ်အလလကြာသော်လည်း လက်ထောက်မင်းသမီးမှဖြစ်မလာလျှင် သူသည် အတွေ့အကြုံမှ ထိုက်သင့်သောနည်းနာယူမှု၊ ဆည်းပူးလေ့လာမှု မပြုခဲ့ခြင်းကြောင့်သာ ဖြစ်ပေမည်။

ရုံးများတွင် လုပ်သက်အလိုက် ရာထူးအဆင့်ဆင့် တိုးမြှင့်ရာတွင် လုပ်သက်ရင့်တိုင်း အတတ်ပညာရင့်ချင်မှ ရင့်မည်ဖြစ်၍ အရည်အချင်းစစ်စာမေးပွဲများ စစ်ဆေးခြင်း၊ လုပ်သက်အရည်အချင်းမှတ်တမ်းကိုလေ့လာခြင်းပြုပြီးမှ ထမ်းဆောင်ခဲ့သော အရည်အချင်း၊ ပြည့်ဝလာသောအတွေ့အကြုံအရ ဆင့်ကဲတိုးတက်ပေးလေ့ရှိပေသည်။ အထစ်ကျော်၍ မျက်နှာလိုက်၍ မတန်မရာ အဆင့်ကိုပေးလိုက်လျှင် လုပ်ငန်းကမောက်ကမဖြစ်ပေမည်။ အလုမ်းကျယ်၍ အလယ်လပ်ကာ ဖြတ်လမ်းမှ တက်လာသူသည် လိုအပ်သော အဆင့်ဆင့် အတွေ့အကြုံ၊ အရည်အချင်းကို ရရှိမည်မဟုတ်ပေ။ လုပ်သက်ဆိုသည်မှာ အတွေ့အကြုံသက်၊ လေ့ကျင့်သင်ကြားမှု သက်တမ်းကိုသာ ဆိုလိုပေသည်။ လုပ်သက်သည် ရာထူးတိုးမြှင့်ရန် အရင်းအနှီးပင် ဖြစ်ပေသည်။ အချို့ဝန်ထမ်းများသည် ကျောင်းပညာအဆင့်မမြင့်ပေ။ သို့ရာတွင် အတွေ့အကြုံများ၍ လုပ်ငန်းကျွမ်းကျင်မှုပို၍ရှိပေသည်။

အတွေ့အကြုံရှိသောဆရာသည် သင်တန်းဆင်းစ ပညာမြင့်ဆရာ

mgyoe.com

mgyoe.com



ထက် ပို၍ အသင်အပြကောင်းသည်ကို မကြာခဏ တွေ့မြင်ရတတ်ပေသည်။ ကလေးပေါင်း၊ ကျောင်းသားပေါင်းများစွာနှင့် တွေ့ကြုံဆက်ဆံလာရသဖြင့် ကျောင်းသားများ၏ ယေဘုယျသဘောစရိုက်၊ ဉာဏ်ရည်၊ လက်ခံနိုင်စွမ်းတို့ကို ကောင်းစွာ သိမြင်နားလည်ထားခြင်းသည် တစ်ပန်းသာပေသည်။

❐

mgyoe.com

mgyoe.com



# မိတ်ဆွေကောင်း

မိတ်ကောင်း ဆွေကောင်း၊ အဆက်အသွယ်စသည်တို့မှာလည်း ဘဝအရင်း အနှီးပင် ဖြစ်ပေသည်။ မိတ်ဆွေကောင်း၏စောင်မမှုကြောင့် ကြီးပွား တိုးတက်လာရသူ၊ အဆက်အသွယ်ကောင်းရရှိသဖြင့် အလုပ်အကိုင် ကောင်းတွင် အခြေတကျဖြစ်ရသူများစွာ ရှိပေသည်။ မည်သူသည် မည်သို့စွမ်းသည်။ မည်သို့ညွှန်ပြ၊ မစနိုင်ခြေရှိသည် စသည်ဖြင့် လေ့လာ ၍ ချဉ်းကပ်တတ်ရပေမည်။ မိတ်ဆွေကောင်းကို ရှာရပေသည်။ မိတ်ဆွေ ၏ အမအစ အကူအပံ့တို့ကို လိုသည့်အခါ လိုလာပေမည်။ 'ဒီကောင်နဲ့ ပေါင်းလို့ ဘာအကျိုးမှရှိမှာမဟုတ်ပါဘူး' ဟု တစ်ဖက်သားကို လွယ်လွယ် ကူကူ အထင်မသေးသင့်ပေ။ သူ့တွင် မမျှော်လင့်သော အကျိုးဆောင် နိုင်စွမ်းရှိနေပေမည်။ သူ့အလျောက်၊ သူ့အတန်ကူညီနိုင်သောအခါ အခွင့်ကြုံနိုင်ပေသည်။ ကောင်းကျိုးညွှန်ပြ မစတတ်သော မိတ်ဆွေသည် ဘဝတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေပေမည်။ အရင်းအနှီးကောင်း ဖြစ်လာပေမည်။

မိတ်ဆွေကောင်းရရန်မှာ မိမိကလည်း မိတ်ဆွေကောင်းဖြစ်ရန်လို

mgyoe.com

mgyoe.com


သည်။ အပေးအယူရှိရန် လိုသည်။ သူ့ကိုသာ ကိုယ်ကမှီတွယ်၊ အသုံးချ၊ အမြတ်ထုတ်ရန်၊ တင်စီးရန် တစ်ဖက်သတ် စဉ်းစားနေပါက ထိုသူသည် ပီပြင်သောမိတ်ဆွေအဖြစ် ဆက်ဆံလိုမည်မဟုတ်ပေ။ ပေါင်းသင့်ပေါင်းထိုက်သော မိတ်ဆွေအဖြစ် အသိအမှတ်ပြုမည် မဟုတ်ပေ။ မိတ်ဆွေအပေါ်တွင် တစ်နပ်စာ ပစ္စက္ခအကျိုးကိုချည်း ကြည့်၍ မပေါင်းသင့်ပေ။ မိတ်ဆွေကို မိမိက အမြတ်ထုတ်ရန်အတွက်သာ စိတ်စောမနေသင့်ပေ။ ရေရှည် အကျိုး ထာဝရဆက်ဆံရေးကို အလေးထားရပေမည်။ သူ့အကူအညီကို ရလိုလျှင် ကိုယ်ကလည်း မည်သို့ကူညီနိုင်မည်ကို နည်းလမ်း အခွင့်ရှာ၍ ကူညီတတ်ရပေမည်။

မိတ်ဆွေဆိုသည်မှာ သာပေါင်းညာစား မိတ်ဆွေမျိုးလည်းရှိသည်။ အကျိုးလိုလား၍ စိတ်စေတနာ မေတ္တာမှန်ဖြင့် မိတ်ဆွေကောင်းဝတ္တရား ပီသသူလည်း ရှိသည်။

မိမိသည်လည်း မိမိမိတ်ဆွေအတွက် အတုံ့အပြန် စေတနာထားရန် လိုပေသည်။ မိမိကူညီနိုင်သော နေရာတွင် မိမိက ကူညီ၍ သူက ကူညီနိုင်သည့် အခြေအနေတွင် သူ့အကူအညီကို ရယူရပေလိမ့်မည်။ မိတ်ဆွေဆိုသည်မှာ အပြန်အလှန်အတွက် ဆိုင်ရာတွင် ကူညီစောင်မဖော် ရသူဖြစ်ရပေမည်။

မိတ်ဆွေပေါသလောက် မိတ်ဆွေကောင်း ရှားပေသည်။ အချို့က မိတ်ဆွေကို ခုတုံးလုပ်ရန်၊ မိမိအကျိုးအတွက် ဓားစာခံလုပ်ရန် သဘောထားတတ်သည်လည်း ရှိပေသည်။ လူတိုင်းတွင် အတ္တစိတ်ရှိသည်ဖြစ်ရာ အတ္တလွန်ကဲပါက သူတစ်ဖက်သား၏နစ်နာမှုကို မငဲ့ကွက်တတ်ဘဲ ကိုယ်ကသာ အမြတ်ထုတ်ချင်တတ်ပေသည်။ ဤသူမျိုးကို ဝေးဝေးက ရှောင်ရပေမည်။ မိတ်ဆွေများရန်ထက် မိတ်ဆွေကောင်းရရှိရန်သာ လိုပေသည်။ မိမိတွင် အကြောင်းကိစ္စ တစ်စုံတစ်ရာရှိပါက ငွေထုတ်ချေးမည့်

mgyoe.com

mgyoe.com


မိတ်ဆွေ၊ အာမခံလိုက်မည့် မိတ်ဆွေ၊ ကိုယ်ကျိုးစွန့်ပြီး ကူညီမည့်မိတ်ဆွေ၊ ဘယ်နှယောက်ရှိပါသနည်းဟု ဆန်းစစ်ကြည့်နိုင်ပေသည်။ အရေးကြုံလျှင် ဘယ်သူ့ကိုမျှ အားကိုးစရာမရှိ၊ ဘယ်သူကမှလည်း သတင်းမေးဖော်၊ ကူညီမစဖော်မရ၊ ခေါင်းရှောင်ဖယ်ခွာကုန်ကြမည်ဆိုပါက မိတ်ဆွေစစ်မရှိပါကလားဟူ၍ သိရှိခံစားလာရပေမည်။ သာရေးတွင် အဝအပြဲစားသောက်ကြပြီး နာရေးတွင် အမြီးမျှ မမြင်ရအောင် ပျောက်ကွယ်ကြမည်ဆိုလျှင်လည်း မိတ်ဆွေကောင်း မဟုတ်ပေ။

မိတ်ဆွေနှစ်ဦးအကြားတွင် သူက သာသည်၊ ကိုယ်က နာသည်ဟူ၍ ဈေးတွက်တွက်၍ မရပေ။ ကိုယ်ကတတ်နိုင်လျှင် ကိုယ်ကကူပြီး၊ သူကတတ်နိုင်လျှင် သူက ကူရန်သာ ဖြစ်ပေသည်။ တစ်ဦးအပေါ်တစ်ဦး စေတနာချင်း၊ မေတ္တာချင်း တူညီရန်သာပင် ဖြစ်ပေသည်။

မိတ်ဆွေကောင်းရှိထားခြင်းသည် အင်အားတစ်ရပ်ပင် ဖြစ်ပေသည်။ မိတ်ဆွေ၏အကူအညီကို လိုသည့်အခါလည်း ရှိမည်။ မလိုသည့်အခါလည်း ရှိပေမည်။ အကြောင်းအခွင့်သင့်၍ အကူအညီရလျှင် တော်လောက်ပေပြီ။ မိတ်ဆွေတစ်ဦးတစ်ယောက်ကို မိမိကချည်း အပူကပ်၊ အကူအညီတောင်းနေရလျှင် မကောင်းပေ။

အကူအညီဆိုသည်မှာ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းဟူသကဲ့သို့ မည်သည့်နည်းနှင့်ဖြစ်စေ အကျိုးပြုမှုရှိပါက ကူညီရာရောက်ပေသည်။ မိတ်ဆွေတစ်ယောက်၏ကူညီမှုသည် သေးငယ်စေကာမူ ကြီးစွာသောအကျိုးကို ပြုနိုင်ပေသည်။ ကူညီခြင်းကို နည်းများမဟူ အသိအမှတ်ပြုရပေမည်။ ငွေကြေးပြတ်လပ်နေသည့်အခါ ငွေတစ်ဆယ်၊ တစ်ရာချေးလျှင်ပင် ကျေးဇူးတင်ရပေမည်။ မိတ်ဆွေတစ်ယောက်က အလုပ်လစ်လပ်သော သတင်းတစ်ခုပေးခြင်းကြောင့် လူတစ်ယောက်တွင် အကျိုးကြီးမားစွာ ခံစားရသည်လည်း ရှိပေသည်။ ပေးသူအဖို့ ဘာမျှမဟုတ်သော်လည်း

mgyoe.com

mgyoe.com


ရသူအဖို့ ကြီးကျယ်သော အကျိုးအခွင့်ကို ရစေနိုင်ပေသည်။

မိတ်ဆွေကို သူ့အပေါ်တွင် မိမိက မပြစ်မှားမိအောင် သတိပြုရပေမည်။ မိတ်ဆွေကောင်းကို ရရှိထားလျှင် တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာတွင် ဘဝအတွက် အကျိုးပေးဆောင်ပေလိမ့်မည်။ ကိုယ်မစွမ်းသည်ကို သူစွမ်းပေမည်။ ကိုယ်မတတ်နိုင်သည်ကို သူတတ်နိုင်ပေမည်။ မိမိအတွက်လည်း ကူညီနိုင်သော အခါအခွင့်ကြုံနိုင်ပေသည်။ မိမိ ကူညီနိုင်စွမ်းပါလျက် မကူညီဘဲနေလျှင်လည်း မိတ်ဆွေကောင်းမဟုတ်ပေ။ သူက ကူညီနိုင်သောအရာ မဟုတ်၍ မကူညီနိုင်လျှင်လည်း အပြစ်မယူဘဲ ခွင့်လွှတ်ရပေမည်။ မိတ်ဆွေသည် ဘဝအရင်းအနှီးပင် ဖြစ်ပေသည်။

❐

mgyoe.com

mgyoe.com



# ပတ်ဝန်းကျင်

ပတ်ဝန်းကျင်နှင့် အခါအခွင့်သည်လည်း ဘဝအရင်းအနှီးပင် ဖြစ်ပေသည်။ သို့ရာတွင် ပတ်ဝန်းကျင်နှင့် အခါအခွင့်ကို မိမိက လုပ်ယူ၍ ရသည်လည်း ရှိ၍ မရသည်လည်း ရှိနိုင်ပေသည်။ လူများသည် ပျော်ရာမှာမနေနိုင်ဘဲ တော်ရာမှာ နေရသည်လည်း ရှိပေသည်။ အချို့က မိမိလိုလားသော မိမိကိုအကျိုးပြုသော ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရပေသည်။ အချို့မှာကား ပတ်ဝန်းကျင်ကောင်းကို မရတတ်ပေ။

စာရေးချင်သောသူတစ်ယောက်သည် စာအုပ်ထုတ်ဝေသူ၊ မဂ္ဂဇင်းဂျာနယ်များ ထုတ်ဝေသည့်ဌာနများရှိသည့်ဒေသတွင် နေထိုင်မိပါက သူ့အတွက် အခွင့်အလမ်းပို၍ ရရှိနိုင်ပေသည်။ ဈေးရောင်းသူသည် ဈေးဝယ်သူများသော ရပ်ကွက်တွင် ရောင်းချခွင့်ရှိပါက များစွာ အကျိုးရှိပေသည်။ အနုပညာ ဝါသနာပါသူသည် အနုပညာ ဖြန့်ဖြူးပို့ချနိုင်သူနှင့် နီးနီးကပ်ကပ် နေထိုင်ခွင့်ရရှိပါက သူ့လိုအင်ဆန္ဒ အလွယ်တကူ ပြည့်ဝနိုင်ပေသည်။ မိမိဝါသနာပါရာ၊ မိမိစီးပွားရှာရာလုပ်ငန်းနှင့် လိုက်ဖက်ဟပ်စပ်၍ အကျိုးပြုနိုင်သည့်နေရာဒေသမျိုးတွင် နေထိုင်ရပါမှ တိုးတက်ကြီးပွားမှု ပိုမိုနိုင်ပေသည်။

mgyoe.com

mgyoe.com


ဤသို့ဟပ်စပ်သင့်မြတ်သော နေရာပတ်ဝန်းကျင်မျိုးသည် ပဋိရူပ ဒေသဝါသောစဟူသော မင်္ဂလာရှိရာအရပ်ပင် ဖြစ်ပေသည်။ သူတော်ကောင်းသည် သူယုတ်မာတို့ ကျက်စားရာဒေသတွင် ပျော်ပိုက်နိုင်မည်မဟုတ်ပေ။ လူနာများသောအရပ်တွင် ဆရာဝန်အဖြစ် အမှုထမ်းရလျှင်ကောင်းပေမည်။ အရောင်းအဝယ်ကောင်းသော အချက်အချာဒေသတွင် ဆိုင်ကနားဖွင့်ရပါက ပို၍ အဆင်ပြေမည်။ ရန်သူကို ကာကွယ်ရာတွင် ခံတပ်ကောင်းသည် အရေးကြီးပေသည်။ ရေကန်ကိုအမှီပြုရသော ဖားသူငယ်သည် ခြင်္သေ့ကိုပင် အောင်နိုင်ရပေသည်။ နေရာဒေသ ပတ်ဝန်းကျင်သည် ကောင်းကျိုး၊ ဆိုးကျိုးကို များစွာပြုနိုင်ပေသည်။

မည်မျှ ကောင်းမွန်လျော်ကန်သော ပတ်ဝန်းကျင်တွင် နေထိုင်ရစေကာမူ ထိုပတ်ဝန်းကျင်ကို ကာယကံရှင်က အသုံးမချတတ်လျှင်လည်း အကျိုးမရှိပေ။ ရွှေထွက်သောအရပ်တွင် ရွှေမကျင်ဘဲနေပါက ရွှေကို ရမည်မဟုတ်ပေ။ ရွှေမည်မျှ ကျင်တတ်စေကာမူ ရွှေမထွက်သော အရပ်တွင်သာ နေထိုင်ရပါကလည်း ရွှေကိုကျင်နိုင်မည်မဟုတ်ပေ။ မိမိပတ်ဝန်းကျင်ကို လေ့လာရပေမည်။ ထိုပတ်ဝန်းကျင်တွင် မည်သည့်အလုပ်ကို လုပ်သင့်ပါသနည်း။ ဝက်သားမစားသောဒေသတွင် ဝက်သားဆိုင်ဖွင့်၍ ကြီးပွားပါမည်လော။ အလှအပကို အလေးမပေးနိုင်သည့် ဆင်းရဲနွမ်းပါးသောဒေသတွင် အလှကုန်ဆိုင်ကြီး ဖွင့်နေလျှင်လည်း အကျိုးရှိတန်သလောက်ရှိမည်မဟုတ်ပေ။ လူတွေ ဘာကိုဝယ်ကြသနည်း။ အဘယ်သရေစာကို စားလေ့ရှိကြသနည်း။ ဘယ်အဝတ်အစားမျိုးကို ဝတ်ဆင်လေ့ရှိကြသနည်း။ ဘာအသုံးအဆောင်ကို သုံးဆောင်ကြသနည်း။ ဘယ်အရာမျိုးကို လိုလားတောင့်တကြသနည်း။ ထိုဒေသတွင် စာအုပ်ဆိုင်ဖွင့်လျှင်ကောင်းမည်လော။ ဆေးခန်းဖွင့်လျှင်ကောင်းမည်လော။ ကျူရှင်သင်တန်းဖွင့်လျှင် ကောင်းမည်လော။ ဗွီဒီယိုခွေ အငှားဆိုင်ဖွင့်လျှင် ကောင်းမည်

mgyoe.com

mgyoe.com



လော။ စားသောက်ဆိုင်ဖွင့်လျှင် ကောင်းမည်လော။ ဒေသပတ်ဝန်းကျင်၏အခြေအနေ၊ လိုအင်၊ အကြိုက်၊ အလေ့အထ စသည်တို့ကို လေ့လာပြီးလျှင် အသင့်မြတ်ဆုံး၊ အကျိုးအရှိဆုံး အလုပ်ကို ရွေးချယ်ရပေလိမ့်မည်။

ပတ်ဝန်းကျင် မသင့်လျော်သည့်အရပ်တွင် နေထိုင်မိပါက စရိုက်ဆိုး၊ စရိုက်ကြမ်းတို့ကို နေ့စဉ် တွေ့မြင်နေရပေသည်။ ကူးစက်ရောဂါဝေဒနာများရမည်။ အိုးအိမ်လုံခြုံမှုကင်းမဲ့၍ အခိုးခံရမည်။ သားပျို သမီးပျိုများကို ဖျက်ဆီးမည့် အန္တရာယ်သမားမျိုးကို တွေ့ကြုံရမည်။ ဆုံစည်း၍နားမချမ်းသာဖြစ်ရမည်။ ရိုင်းပျသူများနှင့် ဆက်ဆံရမည် စသည်ဖြင့်မနှစ်လိုဖွယ်များကို တွေ့ဆိုင်ရပေမည်။

ပတ်ဝန်းကျင်ကောင်းပါက ဖော်ဖော်ရွေရွေ ဆက်ဆံစောင့်ရှောက်တတ်သူများကို တွေ့ရမည်။ မျက်စိနားချမ်းသာမည်။ အကြားအမြင်ဗဟုသုတ ပညာတိုးပွားမည်။ ဒုစရိုက်မှုကင်းဝေးမည်။ ကျန်းမာရေးနှင့်ညီညွတ်၍ သန့်သန့်ပြန့်ပြန့် နေထိုင်ရမည်။ အရောင်းအဝယ်စီးပွားရေးလုပ်ငန်းတွင်ကျယ်မည်။ ပညာရမည်။ မင်္ဂလာရှိသောသတင်းများကြားနေရမည်။ ဤသို့အားဖြင့် ကောင်းကျိုးများ ခံစားရမည်သာ ဖြစ်ပေသည်။

ပတ်ဝန်းကျင်ကို ဖန်တီး၍ မရသော်လည်း ရွေးချယ်၍ ရနိုင်သလောက် ရပေမည်။ မကောင်းသော ပတ်ဝန်းကျင်တွင် မလွှဲမရှောင်သာ၍ နေရလျှင် သတိကြီးစွာ ထားရပေမည်။ ဆက်ဆံရေး ပြေလည်နိုင်သလောက် ကြိုးစား၍ မကောင်းသော ဂယက်ရိုက်ခတ်မှု၊ မကောင်းကျင့်စွဲဝင်မှုမျိုး မရှိအောင် ဆင်ခြင်ရပေမည်။ မိမိတတ်စွမ်းသလောက်ပြုပြင်၍ရလျှင် ပြုပြင်ပေးရပေမည်။ မည်သို့ပင်ဖြစ်စေ ပတ်ဝန်းကျင်နှင့်ရန်ဘက်ကလူဖြစ်အောင် မနေထိုင်ရပေ။ ပတ်ဝန်းကျင်တစ်ခုလုံးကိုတစ်ယောက်တည်းက ဆန့်ကျင်နေ၍ မရပေ။ မိမိ မကြိုက်တိုင်း ရှုတ်

mgyoe.com

mgyoe.com


ချဝေဖန်နေ၍မဖြစ်ပေ။ မိမိက ပတ်ဝန်းကျင်နှင့် လိုက်ဖက်အောင် ကျင့်နိုင်လျှင် ကျင့်၍ မကျင့်နိုင်လျှင် မဆန့်ကျင်အောင် နေရပေမည်။ မကောင်းသော ပတ်ဝန်းကျင်ကို ရှောင်ခွာ၍ရလျှင် ရှောင်ခွာရန် ကြိုးစားရပေမည်။

ပတ်ဝန်းကျင်က ကောင်းကျိုးမပေးလျှင်သာ ရှိရမည်။ ဆိုးကျိုးကိုမူ အခါမလင့်ပေးနိုင်ပေသည်။ ပတ်ဝန်းကျင်တွင် သက်ရှိလူ၊ တိရစ္ဆာန်၊ သက်မဲ့ဝတ္ထုပစ္စည်းတို့သာမက စရိုက်၊ အမူအကျင့်၊ အသက်မွေးမှု၊ ဆက်ဆံရေးသဘောထား စသည်တို့လည်း ပါဝင်ပေသည်။ ယင်းတို့သည် မှီရာ၊ တည်ရာလူများကို ကောင်းကျိုးဆိုးကျိုးပြုနိုင်ပေသည်။ မိမိ၏အပြုအမူ၊ စရိုက်ကြောင့် ပတ်ဝန်းကျင်ကို မထိခိုက်စေရပေ။ အချို့က အရက်မူးပြီး ရပ်ကွက်ထဲတွင် ဆဲဆိုအော်ဟစ်၍ အနှောင့်အယှက်ပေးတတ်ကြသည်။ အညစ်အကြေးများ မဆင်မခြင် စွန့်ပစ်တတ်သည်။ အယုတ္တအနတ္တအော်ဟစ်ဆူပူနှောင့်ယှက်တတ်သည်။ မကောင်းမှုကို ဖြားယောင်းဖျက်ဆီးတတ်သည်။ အတင်းအဖျင်း ပြောတတ်သည်။ ဒုစရိုက်မှုများ၊ ရာဇဝတ်မှုများ ကျူးလွန်တတ်ကြသည်။ ဤသို့သော ပတ်ဝန်းကျင် လူသားများကြားတွင် နေထိုင်ရလျှင် ကိုယ်စိတ်ပင်ပန်းဆင်းရဲခြင်း ဖြစ်ရပေမည်။ သို့ရာတွင် အားမသန်လျှင် မာန်ကို လျှော့၍ သည်းခံနိုင်သလောက် သည်းခံကာ မိမိနှင့် မိသားစုအတွက် ကာကွယ်ဟန့်တားထိန်းကွပ်နိုင်ရပေမည်။ လူငယ်များသည် ပတ်ဝန်းကျင် မကောင်းလျှင် အတုမြင် အတတ်သင်၍ မကောင်းကျင့်များ စွဲလွယ်ပေသည်။ မိဘအုပ်ထိန်းသူများ၏ ပေါ့လျော့မှုကြောင့် မူးယစ်ဆေးဝါးသုံးစွဲသည့်အဆင့်အထိ စရိုက်ပျက်တတ်ပေသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကောင်းကို ရွေးချယ်နိုင်သလောက် ရွေးချယ်ရပေမည်။ ပတ်ဝန်းကျင်မှ ယူတတ်လျှင် အကျိုးရှိစရာ များစွာရနိုင်ပေသည်။ အကြားအမြင် ဗဟုသုတ၊ အတွေ့အကြုံနှင့် အတွေးအခေါ်၊ နှုတ်မှု

mgyoe.com

mgyoe.com


လက်မှုပညာ၊ ကောင်းသောဓလေ့စရိုက်၊ ကောင်းသောမိတ်ဆွေ အပေါင်းအသင်းနှင့် အကူအညီ၊ ကောင်းသော တရားဘာဝနာများလည်း ရရှိနိုင်ပေသည်။

ထိုအချက်များသည် ဘဝအရင်းအနှီးများ ဖြစ်ပေသည်။ ယူတတ်လျှင် ရပေသည်။ မိမိနေထိုင်သော ပတ်ဝန်းကျင်မှ အကျိုးအမြတ် ရယူတတ်ရပေသည်။ ပညာရှိသူကို ဆည်းကပ်မည်။ လေ့လာသင်ကြားနည်းယူစရာကို နည်းယူမည်။ အပေါင်းအသင်းများကို မိတ်ဆွေကောင်းဖြစ်အောင် လုပ်ယူရမည်။ ဒေသနှင့် ကိုက်ညီမည့် အသီးအနှံစိုက်မည်။ အရောင်းအဝယ်လုပ်မည်။ စီးပွားရေးလုပ်ငန်းဖွင့်မည်စသည်ဖြင့် အသုံးချနိုင်အောင် ကြိုးစားရပေမည်။

'အမှီကောင်းလျှင် တစ်ချက်၊ အနေကောင်းလျှင် တစ်သက်' ဟူသော စကားသည် ပတ်ဝန်းကျင်နှင့်လည်း သက်ဆိုင်ပေသည်။ ပတ်ဝန်းကျင်မှ အမြတ်ထုတ်ယူတတ်သောကြောင့် ကြီးပွားချမ်းသာသူများလည်း ရှိပေသည်။ ကျောင်းပတ်ဝန်းကျင်တွင် ကျောင်းအိပ်ကျောင်းစားအဆောင်ငှားရမ်း၍ ကြီးပွားသူ၊ မော်တော်ကားများသော ရပ်ကွက်တွင် ကားပြင်အလုပ်ရုံဖွင့်၍ တွက်ခြေကိုက်သူ၊ ဘုရားနားနီး၍ နိဗ္ဗာန်ကုန်ဆိုင်ဖွင့်ကာ ဟန်ကျနေသူများ ရှိပေသည်။ ပတ်ဝန်းကျင်ကို လေ့လာပြီး အကွက်ကျကျ အသုံးချတတ်သောကြောင့် ပတ်ဝန်းကျင်က မလွဲမသွေ တုံ့ပြန်အားပေးကူညီသည်ကို တွေ့မြင်နိုင်ပေသည်။

❐

mgyoe.com

mgyoe.com


# အခါအခွင့်

အခါအခွင့်ဆိုသည်မှာလည်း သူ့အချိန်နှင့် သူတိုက်ဆိုင်မှုရှိပေသည်။ ဆယ့်နှစ်ရာသီပွဲများသည် သူ့အချိန်နှင့်သူ လာနေပေသည်။ ပွဲလမ်းသဘင်များလည်း ထို့အတူပင် ဖြစ်သည်။ စာမေးပွဲကိုလည်း တစ်နှစ်တစ်ခါ ကျင်းပသည်။ ထိကို တစ်လတစ်ခါ ဖွင့်သည်။ အလုပ်လစ်လပ်မှုများမှာ သူ့အခါနှင့်သူ ပေါ်တတ်သည်။ အခွင့်အရေး ဆိုသည်မှာလည်းနေရာ၊ ပုဂ္ဂိုလ်၊ အကြောင်းအရာ၊ ဒေသအလိုက်ပေါ်သည့်အခါမှ ပေါ်ပေါက်တတ်သည်။ တစ်သက်မှတစ်ခါကြုံရသည့် အခွင့်အရေးမျိုးလည်း ရှိပေသည်။ မည်သို့ပင်ဖြစ်စေ အခါအခွင့်ကို မလွတ်တမ်း ရယူအသုံးချတတ်ရပေမည်။

သာသနာနှင့် ကြုံသည့်အခိုက် ကုသိုလ်ကောင်းမှု ပြုလုပ်ရပေမည်။ မိုးရွာခိုက် ရေခံရပေမည်။ မိုးရာသီတွင် အများအားဖြင့် စိုက်ပျိုးလုပ်ကိုင်ရပေမည်။ အလှပန်း ပွင့်ဆဲပွင့်ခိုက် ဖူးစာရှင် ရှာရပေမည်။ မည်သည့်အခါအခွင့်မျှ အမြဲတမ်း တံခါးဖွင့်ထားသည်ဟူ၍ မရှိနိုင်ပေ။ လသာတုန်းဗိုင်းငင်ဆိုသော စကားပုံရှိပေသည်။ 'ခွင့်သာခိုက်မှ မလိုက်

mgyoe.com

mgyoe.com



ချင်လျှင် အမိုက်နှင့်ပြင်ရှိဦးလေလိမ့်လား' ဟူသော အဆုံးအမရှိပေသည်။ အခွင့်အခါကို ပုံမှန်ခွင်ကျ ထိုက်တန်အောင် အသုံးချရပေမည်။

အလုပ်နေရာလစ်လပ်မှုသည် တစ်ခါတစ်ရံမှ ပေါ်ပေါက်လာတတ်သည်ဖြစ်ရာ မိမိကြိုးစားလျှောက်ထားရန် အခွင့်သာပါက ဝင်ရောက်လျှောက်ထားရပေမည်။ မိမိက သေလုအောင် လုပ်ကိုင်ချင်သော်လည်း မိမိတွင် အရည်အချင်း အပြည့်အစုံရှိထားစေကာမူလည်း အခွင့်မကြုံ၊ လစ်လပ်မှုမပေါ်လျှင် လုပ်ကိုင်ခွင့်ရမည်မဟုတ်ပေ။

နွေကာလတွင် မိုးကာအင်္ကျီနှင့် စောင်ရောင်းချ၍ အလုပ်ဖြစ်မည်မဟုတ်ပေ။ ဆောင်းကာလတွင် ရေခဲရေ၊ ဖျော်ရည်ရောင်းချ၍လည်း နေ့တွက်ကိုက်ချင်မှ ကိုက်မည်။ အခွင့်အခါနှင့် လိုက်ဖက်ရာအလုပ်ကို ရွေးချယ်ရပေမည်။ ပွဲတော်ကြီးပြီးမှ ပွဲဈေးရောင်းရန် စိတ်ကူးနေလျှင် နောက်ကျပေမည်။ မီးရထားထွက်သွားမှ လက်မှတ်ပြေးဝယ်နေ၍ ခရီးပေါက်မည်မဟုတ်ပေ။

အခါအခွင့်ကို အရအမိ ဖမ်းယူတတ်ရန် လိုပေသည်။ အခွင့်အခါကြုံနေပါလျက် မသုံးမိလျှင် နောက်တစ်ကြိမ် ထိုအခွင့်အရေးမျိုးပြန်ပေါ်ဖို့ နှစ်ကာလကြာရှည်စောင့်ရပေလိမ့်မည်။ ဥက္ကာကြယ်များကို တစ်ကြိမ်တွေ့မြင်ရဖို့ နှစ်ပေါင်းရာနှင့်ချီ၍ပင် စောင့်ရတတ်ပေသည်။ အခါမလင့်ဖို့ အရေးကြီးပေသည်။

ပထမအရွယ်တွင် ပညာသင်ကြရသည်။ အသက်ကြီး၍ စီးပွားရှာချိန်ကျမှ ပညာသင်နေလျှင် စီးပွားရှာမှု ဆုတ်ယုတ်ပေမည်။ သူ့လုပ်ငန်းတာဝန်ကို သူ့အချိန်နှင့် ကိုက်ညီစွာ ပြုလုပ်ဆောင်ရွက်ခြင်းသည် အခွင့်အခါကို မှန်ကန်စွာ အသုံးချခြင်း ဖြစ်ပေသည်။ အချိန်ရှိခိုက် လုံ့လစိုက်ဟူသော စကားပုံရှိပေသည်။

'မိုးလွန်မှ ထွန်ချ' ဟူသော စကားပုံကိုလည်း သတိပြုရပေမည်။

mgyoe.com

mgyoe.com



'အခါအခွင့်ကောင်းသည် နှစ်ကြိမ်လာရိုး မရှိ' ဟူ၍ သိုးဆောင်းစကားပုံလည်း ရှိပေသည်။ မြစ်ထဲက မျောလာသော ထင်းကို လက်တစ်လှမ်းမီတွင် မဆယ်ယူလိုက်ပါက ထိုထင်းသည် ရေစုန်သို့ မျောပါသွားပေလိမ့်မည်။ ထပ်မံ၍ ထိုထင်းကို ဆယ်ယူရန် အလွန်ခက်ခဲမည်သာမက မီချင်မှ မီလိုက်ပေတော့မည်။

တစ်စုံတစ်ခုသော အခွင့်အခါအတွက် ကြိုတင် ပြင်ဆင်ထားရန်လည်း လိုပေသည်။ ငါ ဘယ်ခါ ဘယ်အခွင့်ပေါ်လာလျှင် ဘယ်လိုအသုံးချလိုက်မည်ဟူ၍ ပြင်ဆင်ထားခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။ ကြီးလာလျှင် အလုပ်လုပ်မည်ဟု ပညာကို အားခဲသင်ယူထားခြင်းသည် လာမည့်အခွင့်အခါအတွက် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ပေသည်။ မိုးမကျမီက လယ်သမားသည် ထွန်တုံး ထွန်တံ ပြင်ဆင်ထားရပေသည်။ သို့မှလည်း မိုးရွာ၍ မြေနူးလာသည့်အခါ လယ်ထွန်ရန်အသင့်ဖြစ်ပေမည်။ အချို့သော အခါအခွင့်ကို ကြိုတင်မှန်းမျှော်၍ရပေသည်။ တန်ခူးကုန်လျှင် ကဆုန်ဆန်းပေမည်။ ဝါဆိုပြီးလျှင် သီတင်းကျွတ်ပွဲလာဦးမည်မှာ သေချာပေသည်။ ပွဲတော်မှာ ဈေးရောင်းမည်လော၊ ပွဲကြည့်မည်လော၊ လျှောက်လည်မည်လော။ မိမိလုပ်ချင်ရာကို စိတ်ကူးပြီးငွေစုသင့်စုထားမည်။ ဝတ်ကောင်းစားလှ ချုပ်လုပ်ထားမည် စသောအခါအခွင့်အတွက် ပြင်ဆင်မှုမျိုးရှိရပေမည်။

'နောက်ကျသွားတာ နာလိုက်တာကွာ' 'ငါသတိမထားမိလို့ လက်လွတ်သွားတယ်ဟာ' စသော နောင်တမျိုးရမနေသင့်ပေ။ ဈေးတက်ခိုက်မရောင်းလိုက်မိ၍ ဈေးကျမှ ရောင်းရမည်ဆိုလျှင် နစ်နာပေမည်။

မိန်းကလေးများသည် နုပျိုလှပချိန်တွင် အိမ်ထောင်ဖက်စံရွေးနေမိသောကြောင့် အရွယ်လွန်အလှပျက်၍ အရွယ်ဟိုင်းလေမှ ရရာလူကိုပင် ကောက်ယူရသော အဖြစ်မျိုး ကြုံရတတ်ပေသည်။ 'သမီးကညာ

mgyoe.com

mgyoe.com



အခါမလင့်' ဆိုသည်မှာ အရွယ်ရှိခိုက် အိမ်ထောင်ဖက်ရွေးရန် ရည်ညွှန်းခြင်းပင်ဖြစ်ပေသည်။

အခါအခွင့်အလိုက် ဆောင်ရွက်ရမည့် အလုပ်တာဝန်ကို အခါအခွင့်အလိုက် ဆောင်ရွက်ရပေမည်။ ဆုတ်ဆိုင်းလေးဖင့်တွေဝေနေလျှင် ခတ်ကွင်းပြင်ရသည်နှင့် ရွာသစ်ကြီးသို့ ရောက်သွားပေမည်။ ရွာသစ်ကြီးမရောက်ဘဲ ဝဲကတော့ထဲပါသွားလျှင် ခက်ချိမ့်မည်။ အချိန်နှင့် ဒီရေသည် လူကို မစောင့်ဟူသော သိုးဆောင်းစကားပုံရှိပေသည်။ အခါအခွင့်သည်လည်း လူကို စောင့်လိမ့်မည်မဟုတ်ပေ။

'ငါ သည်ဈေးနဲ့ ရောင်းလိုက်ရရင် ကောင်းလေမလား' ဟု ချီတုံချတုံ တွေဝေစဉ်းစားနေသည်နှင့် ဝယ်သူထွက်သွားပြီး ဖောက်သည်လက်လွှတ်သွားရတတ်ပေသည်။ ဆုံးဖြတ်ချက်ကို လျင်မြန်စွာ ချနိုင်အောင်ကြိုတင်တွက်ချက်ပြီး ယတိပြတ် ဆုံးဖြတ်ချက်ချနိုင်အောင် ကြိုးစားလေ့ကျင့်ရပေမည်။ အင်္ဂလိပ်စကားတွင် ဒူးအော်ဒိုင်းဆိုသော စကားရှိပေသည်။ အဓိပ္ပာယ်မှာ 'လုပ်မလား၊ အသေခံမလား' ဟူ၍ ရပေမည်။ လုပ်စရာရှိလျှင် လုပ်ရမည်။ မလုပ်မိလျှင် နစ်နာပေမည်။ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရပေမည်။ အဘယ်ကြောင့်ဆိုသော်အခါအခွင့်က စောင့်နေမည်လည်း မဟုတ်၊ တစ်ပတ်ကျော့၍ ပြန်လာမည်လည်း မဟုတ်သောကြောင့်ပင်။

နောင်တရခြင်းသည် လုပ်သင့်သည့်အလုပ်ကို လုပ်သင့်သောအချိန်က မလုပ်ခဲ့မိခြင်းကြောင့် ဖြစ်ပေါ်ရခြင်း ဖြစ်သည်။ လုပ်သင့်ချိန်တွင် လုပ်စရာကို လုပ်လိုက်မိပါက နောင်တဆိုသောအရာသည် မရှိနိုင်ပေ။ အခါအခွင့် လက်လွှတ်ရမှုကြောင့် ကြီးစွာသော နောင်တများလည်း ဖြစ်ပေါ်ရပေသည်။ နက္ခတ္တဇာတ်တော်တွင် သတို့သားသည် လက်ထပ်ရန် ချိန်းဆိုထားသည့် အချိန်အခါအခွင့်ကို ဂရုမစိုက်ဘဲ မိုးပေါ်မှော

mgyoe.com

mgyoe.com



၍ နက္ခတ်ကောင်းကို စောင့်မျှော်နေမိသောကြောင့် သတို့သမီးကို လက်လွှတ်ဆုံးရှုံးရသော သာဓကကို ပြဆိုထားပေသည်။ မိမိလုပ်ရမည့် အလုပ်ကို အချိန်အခါမလွန်မီ လုပ်ကိုင်ရပေမည်။ နွားကို နဖားကြိုးဆွဲ၍ ရပ်တန့်ထားလျှင် ရပေမည်။ အချိန်နှင့် အခါအခွင့်ဆိုသည်မှာ နဖားကြိုး ထိုး၍ သံကြိုးချည်ထား၍ ရကောင်းသောအရာ မဟုတ်ပေ။

တစ်ခါတစ်ရံတွင် အခါအခွင့်ကို ဖန်တီးယူရသည်လည်း ရှိပေသည်။ အပျိုလူပျိုများ ဆုံမိအောင် ရိုးရာပွဲပြုလုပ်ပေးကြသည်လည်း ရှိပေသည်။ ပရိသတ်စုံညီ တွေ့ဆုံခွင့်ရရန်အတွက် မွေးနေ့ပွဲ၊ အလှူပွဲ စသည် ကျင်းပရေးသည်လည်း ရှိပေသည်။ လုပ်ယူရသော အခါအခွင့် လည်း ရှိပေသည်။ လုပ်ယူ၍ရလျှင် လုပ်ယူရပေမည်။

ဆေးကြော်ငြာသူသည် လူဝိုင်းလာအောင် မျက်လှည့်ပြရပေ သည်။ မိုးမရွာသဖြင့် မိုးအတုရွာချအောင် သိပ္ပံနည်းဖြင့် ပြုလုပ်ကြသည် လည်း ရှိပေသည်။ သကြင်္န်လွန်မှ သင်္ကြန်ဗွီဒီယိုကား ရိုက်ချင်သဖြင့် လူတွေကို တမင်ရေလောင်းပြီး ရိုက်ယူကြရပေသည်။ လုပ်၍ဖြစ်သည် လည်း ရှိသည်။ လုပ်၍မဖြစ်သည်လည်း ရှိပေသည်။ ကြီးပြင်းအိုမင်း လာသောဘဝကို ကျောင်းသားဘဝ ပြန်ငယ်ချင်၍မရပေ။ ရုပ်ရှင်ထဲ မှာသာ မိတ်ကပ်တန်ခိုးဖြင့် ဖန်တီးနိုင်ကောင်း ဖန်တီးနိုင်ပေမည်။

မိဘများရှိစဉ်က မပြုစုမိသောကြောင့် သေလွန်ပြီးသောမိဘများ ကို သင်္ချိုင်းကုန်းက ပြန်ထခိုင်း၍ မရပေ။ မရနိုင်တော့သော အခါအခွင့်ကို တမ်းတနေ၍လည်း စိတ်မောလူပန်း အချိန်ကုန်ရုံသာရှိပေမည်။ အကောင်း ဆုံးမှာ ရလာမည့်အခွင့်အလမ်းအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ရလာ သည့်အခါ အကွက်ကျကျ အသုံးချရန်ပင်ဖြစ်ပေသည်။ လွန်သွားလေပြီး သော အခွင့်အလမ်းကို တမ်းတလွမ်းဆွတ်စေရန်ကား မသင့်ပေ။

❒

mgyoe.com

mgyoe.com



# လုံ့လ

လုံ့လဝီရိယ၏ ဆန့်ကျင်ဘက်မှာ ပျင်းရိလေးဖင့်ခြင်းပင်ဖြစ်သည်။ လူသည် အသက်သာခိုလိုသောစိတ် ရှိတတ်ပေရာ ပျင်းရိလေးဖင့်ခြင်း ရှိတတ်ပေသည်။ ထိုပျင်းစိတ်ကို ဖယ်ထုတ်နိုင်မှသာ တက်ကြွထက်သန်သော စိတ်ဓာတ်ဝင်စားနိုင်မည်ဖြစ်ပေသည်။ ပျင်းသည်ဆိုသည်မှာ နာမည်သာဆိုးသည်၊ လူတော့ သက်သာသည်ဟူ၍ ဆိုတတ်ကြပေသည်။ လူသက်သာသလောက် ဘာမျှလည်းဖြစ်မလာ။ ဘာမျှလည်း တိုးတက်ကြီးပွားမည်ကား မဟုတ်ပေ။

ယုန်နှင့်လိပ် အပြေးပြိုင်ပွဲတွင် ယုန်က ပျင်းရိလေးဖင့်နေချိန်တွင် လိပ်က ပြေးနေသည်ကို သတိပြုမိပေမည်။ မိမိက ပျင်းနေချိန်တွင် ကျန်တစ်လောကလုံးက လုံ့လဝီရိယဖြင့် တက်တက်ကြွကြွလှုပ်ရှား၍ တိုးတက်နေကြပေလိမ့်မည်။ မိမိပျင်းလျှင် မိမိက နောက်ကျန်နေရုံသာ ရှိပေမည်။ လုံ့လဝီရိယရှိသူများသာ အောင်မြင်တိုးတက်နေပေလိမ့်မည်။

'လုံ့လထုတ်သည်' ဟူသော စကားရှိပေသည်။ လုံ့လကို ထုတ်ယူရသည်ဟု ဆိုလိုကြောင်း သိရှိနိုင်ပေသည်။ ကာယကံရှင်က မထုတ်လုပ်

mgyoe.com

mgyoe.com


ဘဲ အလိုအလျောက်ဖြစ်ပေါ်လာတတ်သော အရာမဟုတ်ကြောင်း သိနားလည်နိုင်ပေသည်။ ထုတ်သည်ဆိုရာတွင် ထုတ်နိုင်သလောက် ရနိုင်သည်ကိုလည်း သတိထားရပေမည်။ များများထုတ်လျှင် များများရပေလိမ့်မည်။ ထို့ကြောင့် လုံ့လကို များများထုတ်ရန် လိုပေသည်။

အခြားသူက ဈေးတစ်ခေါက်ရောင်းလျှင် ကိုယ်က နှစ်ခေါက်သုံးခေါက်ရောင်းနိုင်အောင် ကြိုးစားရပေလိမ့်မည်။ ဤသို့ကြိုးစားရန်အတွက် လုံ့လပို၍ ထုတ်ရပေမည်။ ပျင်းတွဲ့နေ၍ နေလျှင် လုပ်ချင်သမျှအကောင်အထည်ပေါ်လာမည်မဟုတ်ပေ။ လုံ့လသည် အလုပ်၏တွန်းအားပင်ဖြစ်ပေသည်။

လုံ့လသည် လူချင်းယှဉ်နိုင်သော စွမ်းရည်ဖြစ်ပေသည်။ ပုရွက်ဆိတ်သည် မိမိခန္ဓာကိုယ်ထက် အဆပေါင်းများစွာကြီးမားသော အစာကို ဝေးလံသော အသိုက်အတွင်း အရောက်ဝိုင်းဝန်းသယ်ယူလေ့ရှိပေသည်။ အကောင်၏ပမာဏနှင့် မမျှလောက်သော အားစွမ်းများကို စုပေါင်း ထုတ်လုပ်နိုင်ပေသည်။

မိမိရုက္ခာ သိုလှောင်ရေးအတွက် ပင်ပန်းသည်ဟု သဘောမထား။ လုံ့လဝီရိယဖြင့် မမောတမ်း ကြိုးစားသယ်ဆောင်နေသည်ကို တွေ့ရပေလိမ့်မည်။ လူချင်းအတူတူတွင် သူ့ထက်ကိုယ်က လုံ့လပိုမိုထုတ်နိုင်ပေသည်။ လုံ့လသည် လူ၏ရုပ်လက္ခဏာပေါ်တွင် မတည်ပေ။ ဓနဥစ္စာပေါ်တွင်လည်း မတည်ပေ။ စိတ်ပေါ်တွင်သာ တည်ပေသည်။ ငါပန်းတိုင်မရောက်မချင်း မဆုတ်မနစ် ချီတက်မည်ဟု ခိုင်မာသော စိတ်ဆုံးဖြတ်မှုရှိပါက ခြေလက်များကို လုံ့လဖြင့် ဆက်လက်လှုပ်ရှားနေပေလိမ့်မည်။ လုံ့လအလျောက် အကျိုးပြီးမြောက်မှုလည်း ရှိပေလိမ့်မည်။

လုပ်စရာတစ်ခုခုကို လုပ်ကိုင်ရာတွင် ပြီးဆုံးအောင်မြင်သည်အထိ လုပ်ကိုင်ရပေမည်။ တစ်ပိုင်းတစ်စ မပြီးမပြတ်ဖြင့် လုံ့လကို လျှော့ပယ်

mgyoe.com

mgyoe.com


ရပ်စဲပစ်၍ မဖြစ်ပေ။ အောင်မြင်မှု အပြည့်အဝ မရမီ ရပ်စဲပစ်လိုက်ပါက စိုက်ထုတ်ထားခဲ့သော လုံ့လ၏အကျိုးကျေးဇူးကို မခံစားရတော့ဘဲ အချည်းနှီးဖြစ်ရတတ်ပေသည်။ အိမ်တစ်ဆောင်ကို အပြီးအစီး မဆောက်ဘဲ မိုးထဲလေထဲတွင် တစ်ပိုင်းတစ်စနှင့် စွန့်ပစ်ထားပါက ဆောက်ပြီးသမျှပင် ဆွေးမြည့်ပျက်စီးသွားမည်ဖြစ်ပေသည်။ လုံ့လ၏နောက်တွင် ထိုလုံ့လကို စွဲစွဲမြဲမြဲ ဆက်လက်ထိန်းထားနိုင်သော ဇွဲလိုပေသည်။ လုံ့လကို ဇွဲဖြင့် ထောက်ကန်ထိန်းသိမ်းထားရပေသည်။ အရှုံးပေး လက်လျှော့ခြင်းသည် လုံ့လကို ခုတ်ထွင်ပစ်ခြင်းပင် ဖြစ်သည်။

'ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်' ဆိုသော စကားရှိပေသည်။ ငုပ်မည့်ငုပ်လျှင် မြစ်ပင်လယ်တို့၏ ကြမ်းခင်းသဲပြင်အထိ ငုပ်ဆင်းသွားရပေမည်။ တက်မည့်တက်လျှင်လည်း သစ်ပင်ထိပ်ဖျား၊ တောင်ထိပ်ဖျားအထိရောက်အောင် တက်ရပေလိမ့်မည်။ ဟိုမရောက် သည်မရောက် မဖြစ်စေသင့်ပေ။

❐

mgyoe.com

mgyoe.com


# ဝီရိယ

'လုံ့လဝီရိယ' ဟူ၍ စကားနှစ်လုံး တွဲစပ်သုံးလေ့ရှိကြပေသည်။ လုံ့လ ထုတ်သည်၊ လုံ့လစိုက်သည်ဟု သုံး၍ ဝီရိယထားသည်။ ဝီရိယရှိသည် ဟူ၍ သုံးနှုန်းကြပေသည်။ လုံ့လသည် ဝါယာမစိုက်ထုတ်ခြင်း၊ မပျင်း မရိ အားထုတ်ခြင်းပင်ဖြစ်သည်။ ဝီရိယမှာကား တက်ကြွနိုးကြားမှုရှိခြင်း ပင် ဖြစ်သည်။ ငါးနာရီတွင် ရောက်ရမည့်ကိစ္စအတွက် ငါးနာရီမထိုးမီ ၁၀ မိနစ်က ရောက်ရှိနေခြင်းသည် ဝီရိယရှိခြင်းပင်ဖြစ်သည်။

ရုံးတက်နောက်ကျသော ဝန်ထမ်းများရှိပေသည်။ 'ထမင်းဘူး မမီ၍၊ ကားကျပ်၍၊ လမ်းမှာ ဝင်စရာရှိနေ၍၊ ကားမလာ၍' စသည့် အကြောင်းပြချက်များရှိပေသည်။

အခြေအနေအရ အမှန်စကားများ ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် ကားစီးချိန်၊ ထမင်းချက်ချိန်၊ ကားစောင့်ချိန်၊ လမ်းတွင် တစ်စုံတစ်ခု ပြဿနာကြောင့် နှောင့်နှေးရမည့် မလိုလဲလိုလဲ အရန်အချိန်များကို တွက်ချက်ကာ ခါတိုင်းအိပ်ရာက ထချိန်ထက်စော၍ ထလျှင် အကြောင်း မတော်၍ မမျှော်လင့်ဘဲ နောက်ကျရမည့် ကိစ္စကလွဲလျှင် နောက်ကျနိုင်

mgyoe.com

mgyoe.com


စရာမရှိပေ။ အိပ်ရေးဝချင်မှဝမည်။ သို့ရာတွင် တာဝန်ဝတ္တရားနှင့် အခြေအနေကိုငဲ့၍ အပင်ပန်းခံရပေလိမ့်မည်။ မိမိလုပ်ရမည့်အလုပ်အတွက် နိုးကြားတက်ကြွစွာ ပြင်ဆင်ခြင်းသည် ဝီရိယပင်ဖြစ်ပေသည်။ မနက်ရုံးချိန်မီ ချက်ပြုတ်ရသည်မှာ မလွယ်လျှင် ညကတည်းက ချက်ပြုတ်ပြင်ဆင်၍ရသော အစားအစာမျိုးကို စီမံထားရပေလိမ့်မည်။ စိတ်တိုင်းကျအရသာရှိရှိ စားချင်မှ စားနိုင်ပေမည်။ သို့ရာတွင် အခြေအနေကို ငဲ့ကွက်၍ လိုက်လျောရပေမည်။

ကြီးပွားအောင်မြင်လိုလျှင် နိုးနိုးကြားကြား ရှိရမည်။ တက်တက်ကြွကြွရှိရမည်။ မိမိလုပ်ရမည့် အလုပ်အတွက် ကြောင့်ကြမှုရှိရမည်။ အာရုံစိတ်စောမှုရှိရမည်။

ရမည့်သူက စောင့်ရမည်မှာ ဝတ္တရားဖြစ်သည်။ ပေးမည့်သူက စောင့်နေရလျှင် မသင့်တော်ပေ။ တောင်ကြီး သင့်ကိုနှိမ့်ညွှတ်၍ ပေးလိမ့်မည်မဟုတ်၊ သင်ကသာ တောင်ပေါ်ကို တက်ရပေမည်။

ဝီရိယသည် အခါအခွင့်ကို မလွတ်ရအောင် သတ်မှတ်သည့် အချိန်ကာလကို နောက်မကျအောင် တွန်းအားနှိုးစက်ပင်ဖြစ်ပေသည်။ ဝီရိယမရှိသူသည် သူများနောက်က တန်းစီရပေလိမ့်မည်။ မိမိရှေ့ကတက်ရန်အခွင့်အလမ်းကို ဦးဦးဖျားဖျား မလွတ်တမ်းရရှိရန် ဝီရိယရှိပေမည်။ နေရာအတော်များများတွင် တန်းစီရသည့်အခါ ဝီရိယမရှိဘဲ မိမိလိုလားချက် မရရှိနိုင်ပေ။ နေရိပ်လာမည်ကို နေပူက စောင့်ရပေမည်။

စောသေးလို့၊ မိုးရွာနေလို့၊ ဝမ်းမတင်းသေးလို့ စသည်ဆင်ခြေများဖြင့် နှေးနှေးကွေးကွေး၊ လေးလံဆုတ်ဆိုင်းနေလျှင် မိမိနှင့်ပြိုင်ဘက်များက ကျော်တက်သွားပေမည်။ မိုးရွာလျှင် ထီးဆောင်းသွားရပေမည်။ မှောင်နေလျှင် မီးထွန်းသွားရပေမည်။ ရေကြီးနေလျှင် ရေကူး၍ဖြစ်စေ၊ လှေဖြင့်ဖြစ်စေ သွားရပေမည်။ ဘာကြောင့် ညာကြောင့်ဟူ၍ အကြောင်း

mgyoe.com

mgyoe.com


ပြနေသူများသည် ဝီရိယနည်းသူများသာ ဖြစ်ပေသည်။

လူ့လောကကြီးသည် မိမိတစ်ယောက်တည်း နေရသည်မဟုတ်။ အရာရာတွင် ယှဉ်ပြိုင်နေရသည်။ ဘဝတစ်လျှောက်လုံး ပြိုင်ပွဲပေါင်း များစွာ ဝင်ရောက်နေကြရသည်။ ပညာသင်ဖို့၊ စီးပွားရှာဖို့၊ ကျန်းမာဖို့၊ လိုရာရဖို့ အပြိုင်အဆိုင် တိုးဝှေ့ရုန်းကန်လှုပ်ရှားနေကြရသည်။ ချစ်သူ ရှာရာတွင်ပင် ပြိုင်ဘက်များရှိပေလိမ့်မည်။ မိမိက နှေးကွေးနောက်ကျန် နေလျှင် ဆုံးရှုံးခြင်းနှင့်သာ ရင်ဆိုင်ရပေလိမ့်မည်။ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ပြေးနေရသည့်အခါ တာထွက်နောက်ကျ၍လည်းမဖြစ်၊ လျှော့ ပြီးအားထုတ်၍လည်းမဖြစ်၊ တွေဝေစဉ်းစား ဆုတ်ဆိုင်းနေ၍လည်းမဖြစ်၊ သွက်လက်တက်ကြွနေရပေမည်။ 'ငါလုပ်မည်၊ ငါကြိုးစားမည်၊ ငါအနိုင်ယူ မည်၊ ငါမုချအောင်မြင်ရမည်၊ ငါရပ်ဆိုင်းမနေ၊ နောက်ချန်မနေ ရှေ့တန်း က နေရာယူမည်၊ ငါ အမြဲအသင့်ဖြစ်နေမည်' ဟူ၍ ပိုင်းဖြတ်ထားရပေ လိမ့်မည်။ အများနှင့်ယှဉ်ရမည့်အခါတိုင်း မိမိက ရှေ့ကရောက်နေအောင် ကြိုးစားရမည်။ ဝီရိယရှင်သန်နေရမည်။ လှုပ်ရှားဖို့ အသင့်ဖြစ်နေရပေ မည်။ တာထွက်တော့မည့် အပြေးသမား၏ အချက်ပေးသံ စောင့်လင့် သည့် ဝီရိယမျိုး ရှိနေရပေမည်။

❒

mgyoe.com

mgyoe.com



# ရည်မှန်းချက်အစိဋ္ဌာန်

'သင်ဘယ်သွားမည်နည်း၊ သင်ဘာလိုချင်သနည်း၊ သင်ဘာဖြစ်ချင်သနည်း' တစ်ခုခု အဖြေရှိရပေမည်။ 'ကျွန်တော် သူဌေးဖြစ်ချင်သည်၊ ကျွန်မ ရုပ်ရှင်မင်းသမီးဖြစ်ချင်သည်' ဖြစ်ချင်ရာဖြစ်လိုသည့် ဆန္ဒရှိကြပါ။ ထိုဆန္ဒကို ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ထားရမည်။ ထိုသို့ သတ်မှတ်ပြီးနောက် ထိုပန်းတိုင်ကို မရောက်ရောက်အောင် ကြိုးစားမည်ဟူသော အဓိဋ္ဌာန်ကို ချမှတ်လိုက်ရန် လိုပေသည်။

ကျွန်တော် ဘယ်သွားရမှန်း မသိဘူး၊ ကျွန်တော် ဘာလုပ်ရင်ကောင်းမလဲ၊ ဤသို့ မေးမြန်းနေသူများသည် လူညံ့များဖြစ်သည်။ မိမိဘာဖြစ်ချင်သည်၊ မိမိပန်းတိုင် ဘယ်ရောက်အောင်သွားမည်ဆိုသည်ကို ရေရေရာရာ မှန်းထားချက်မရှိဘဲ ဘဝတွင် ရုန်းကန်နေလျှင် ဘာမျှအဓိပ္ပာယ်မရှိပေ။ ကုန်သည် လုပ်ရမလိုလို၊ လခစားလုပ်ရမလိုလို ဝေခွဲမရ စိတ်မနိုင်ဖြစ်နေလျှင် မကောင်းပေ။ ပညာရှိကြီးဖြစ်နိုးနိုး၊ အရာရှိကြီးဖြစ်နိုးနိုးနှင့် နိုးနိုးပေါင်းများစွာ ထားနေ၍မဖြစ်ပေ။ ပုဂံ၊ ညောင်ဦး ဟိုကူး သည်ပြေး ရွာဆော်ကြီး၏ ခွေးသည် ဆွမ်းတော်ကြီးပွဲလည်းမမီ ထီးတင်ပွဲလည်းမမီ ရှိပေလိမ့်မည်။

mgyoe.com

mgyoe.com


ဘ၀ဆိုသည်မှာ စမ်းတ၀ါး၀ါး လျှောက်လှမ်းရမည့် ခရီးမဟုတ်ပေ။ ဘယ်ဘူတာကို သွားမည်ဟူ၍ လက်မှတ် တိတိကျကျ ၀ယ်ပြီး သွားရမည်သာ ဖြစ်သည်။ 'ဖြစ်ချင်တာလုပ် အဟုတ်ဖြစ်ရမည်' ဟူသော ဆောင်ပုဒ်ကို စွဲကိုင်ရပေမည်။ 'ဟိုဟာလည်း ဖြစ်ချင်သည်၊ သည်ဟာလည်း ဖြစ်ချင်သည်' ဟု ဆန္ဒတွေ ထွေပြားလွန်းလျှင်လည်း မကောင်းပေ။

'ချောနားနီးနီး၊ တိုက်ကြီးကြီးနှင့် ဥစ္စာလည်း ပေါ၊ ရုပ်လည်းချော၊ အိမ်ပါပြီး အမေနှင့်တည့်မည့်' ဇနီးမျိုး လိုချင်သူရှိပေမည်။ သို့ရာတွင် တကယ်ဖြစ်လာသည့်အခါ ဥစ္စာပေါ၍ ရုပ်မချော၊ ရုပ်ချော၍ ဥစ္စာမပေါ၊ ဥစ္စာပေါ၍ အမေနှင့်မတည့်သူမျိုး ဖြစ်နေတတ်ပေသည်။ ရည်မှန်းချက် တစ်ခုမက ရှိပေမည်။ သို့ရာတွင် ပထမဦးစား၊ ဒုတိယဦးစားဟူ၍ ဦးစားပေးအဆင့် ခွဲရလိမ့်မည်။ 'လောကကြီးတွင် ကောင်းတာ မြင့်တာ မှန်သမျှ ငါ့အတွက်ချည်း ဖြစ်ရမည်' ဟု ရည်မှန်းချက်ထွေပြားစွာ လောဘမကြီးသင့်ပေ။ ကြက်သားကိုလည်း စားလိုက်ချင်သည်။ ၀က်သားကိုလည်း ၀ါးချင်သေးသည်။ ငါးသလောက်ပေါင်းကိုလည်း အလွတ်မပေးချင်။ ချဉ်ပေါင်ဟင်းကိုလည်း မျက်စိကျနေသည်။ အားလုံး စားချင်တာချည်း ဆိုလျှင် ငွေလည်း ကုန်မည်။ အစာအိမ်ကိုလည်း ဒုက္ခပေးမည်မှာ မလွဲပေ။

ခိုင်မာသော အလိုချင်ဆုံး ရည်မှန်းချက်ကို အကြောင်းအကျိုး ချင့်ချိန်၍ ရွေးချယ်ရပေမည်။ ရွေးချယ်ပြီးလျှင် ရနိုင်ရာရနိုင်ကြောင်း နည်းလမ်းများကို လက်တွေ့လုပ်ဆောင်ကြိုးစားမည်ဟူသော အဓိဋ္ဌာန်လည်း ရှိရပေမည်။ သည်ခရီးကိုသွားမည်ဆိုလျှင် လေယာဉ်ပျံပင်ရရ၊ မီးရထားပင်ရရ နောက်ဆုံး ခြေကျင်ပင် လျှောက်ရစေကာမူရောက်အောင် သွားမည်ဟု စိတ်ထက်သန်ရပေမည်။ အဓိဋ္ဌာန်ဆိုသည်မှာ မယိမ်းမယိုင် မပျက်ပြားအောင် စိုက်လိုက်မတ်တတ်လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ပင် ဖြစ်သည်။

mgyoe.com

mgyoe.com


မြတ်စွာဘုရားအလောင်းသည် ဘုရားဖြစ်ရန် အဓိဋ္ဌာန်ဖြင့် ကိုယ်လက်အင်္ဂါသာမက အသက်ကိုပင် စွန့်လွှတ်ကာ အဓိဋ္ဌာန်ပါရမီဖြည့်ခဲ့သည်များရှိပေသည်။ ဘဝ၏ရည်မှန်းချက်ဆိုသည်မှာ အသာကလေး အလွယ်ကလေးဖြင့် ဝန်ချီမောင်း ကရိန်းပေါ် လိုက်သွားရခြင်းမျိုး မဟုတ်ပေ။ စွန့်လွှတ်စွန့်စားခြင်းများလည်း ရှိနိုင်ပေသည်။ အပင်ပန်း အနစ်နာခံ၍ ရင်းနှီးရသည်များလည်း ရှိနိုင်ပေသည်။ ရည်မှန်းချက်မြင့်လေလေ အချိန်ယူရလေလေ ပင်ပန်းတကြီး အားထုတ်ရလေလေ ဖြစ်ပေသည်။ အဖိုးနည်းလျှင် အိုးကွဲကိုသာ ရမည်ဆိုသကဲ့သို့ အပင်ပန်းမခံချင်လျှင် အသေးအဖွဲ ရည်မှန်းချက်လောက်သာ ရနိုင်ပေမည်။

အဓိဋ္ဌာန်ဆိုသည်မှာ ခိုင်မြဲရသည်။ ရည်မှန်းချက် မဆိုက်မချင်း လျှော့ဖျက်၍ မရပေ။ ခရီးမဆုံးဘဲ လမ်းတွင် ဆင်းလျှင် လိုရာခရီးကို ရောက်နိုင်မည် မဟုတ်ပေ။ မလျှော့သော ဇွဲစိတ်ဖြင့် ကျားကန်ပေးကာ အဓိဋ္ဌာန် ခိုင်မတ်နေစေရပေမည်။ ဧဝရက်တောင်ထိပ်ကို ဆိုက်ရောက်ခဲ့သူသည် 'ငါ တောင်ထိပ်ရောက်အောင်တက်မည်' ဟူသော အဓိဋ္ဌာန်ကို မဆုတ်မနစ် ဒုက္ခခံ၍ တက်နိုင်စွမ်းသော ဇွဲလုံ့လတို့ဖြင့် ဖြည့်တင်းပံ့ပိုးပေးခဲ့သောကြောင့် ထိုသို့ အောင်မြင်ရခြင်းဖြစ်ပေသည်။

❒

mgyoe.com

mgyoe.com


# ဗဟုသုတ

ဗဟုသုတသည် ပါဠိစကားဖြစ်၍ များသော အကြားအမြင်ဟု ဆိုပေသည်။ ဘဝအောင်မြင်ရေးတွင် အကြားအမြင်၊ အမှတ်အသား၊ အသိဉာဏ်အား လိုပေသည်။ လောကတွင် မလုပ်ကောင်းသည်သာ ရှိသည်။ မသိကောင်း မတတ်ကောင်းသည်များ မရှိပေ။ လူလောကတွင် လိမ်နည်းများကို သိထားခြင်းဖြင့် မိမိက လိမ်လည်၍ မစားစေကာမူ သူတစ်ပါးက မိမိကို လိမ်ညာလာလျှင် ပါးနပ်စွာ သိမြင်ပြီးဖြစ်၍ အလိမ်မခံရအောင် ရှောင်နိုင်ပေသည်။ သေစေတတ်သော မတည့်သည့် အစားအစာများ ရောစပ်စားနည်းကို သိရှိထားလျှင် သေကြောင်းကြံစည်ရန်ကား မဟုတ်။ မသေအောင် ကြိုတင်သတိမူ ရှောင်ရှားရန်အတွက် များစွာအကျိုးပြုပေမည်။ ဗဟုသုတဟူသည် နယ်သတ်မှတ်ခြင်းမရှိ၊ အဆုံးအပိုင်းအခြားမရှိ၊ သိလိုသင်ယူလိုသလောက် များပြားပေသည်။

အတတ်ပညာရပ်များ၊ နည်းပညာရပ်များ များစွာရှိပေသည်။ သင်ယူမည်ဆိုက ဆုံးနိုင်မည်မဟုတ်။ တစ်ဘဝနှင့်လည်း လုံလောက်မည်မဟုတ်ပေ။ သို့ရာတွင် လောကတစ်ခုလုံးတွင် သိစရာတွေ အားလုံးကို မည်သူမျှ အကုန်အစင်သိရှိနိုင်မည်မဟုတ်ပေ။ ထိုမျှသိရန်လည်း

mgyoe.com

mgyoe.com



မလိုပေ။ သို့ရာတွင် လူ့ဘဝအတွက် အမြဲတစေ အသုံးဝင်မည့်၊ အကျိုးပြုမည့် ဗဟုသုတမျိုးကို ရရှိထားရန် လိုပေသည်။ တစ်နေ့တွင် အသုံးမကျလျှင်လည်း နောက်တစ်နေ့တွင်အသုံးကျပေမည်။

ဥပမာအားဖြင့် ရေကူးအတတ်ကို ရေကူးချန်ပီယံဖြစ်ရန်၊ ရေကူးပြိုင်ပွဲဝင်ရန်၊ ဆုတံဆိပ်ရရန် မဟုတ်စေကာမူ မြစ်ကူးချောင်းခြားသွားလာရ၍ မတော်တဆ ရေနစ်သည့်အခါမျိုး၊ ရေပြင်ကို မရှောင်မလွှဲသာ ကူးဖြတ်ရမည့် အခြေအနေမျိုးတွင် ရေကူးတတ်ခြင်းမှာ တစ်ပန်းသာ၍ များစွာ အကျိုးပြုနိုင်သည်ကို တွေ့ရှိနိုင်ပေသည်။ ဆည်းပူးထားသော အတတ်ပညာ၊ သိထားသော အသိ၊ ရှိထားသော ကြားဖူးနားဝတို့သည် တစ်နေ့နေ့တွင် အသုံးဝင်နိုင်ပေသည်။ 'ဒါ သိဖို့မလိုပါဘူး' ဟူ၍ ပေါ့ပေါ့ဆဆ မတွက်သင့်ပေ။

လူတိုင်း ဆရာဝန်အတတ်ဖြင့် အသက်မွေးမည် မဟုတ်စေကာမူ ရုတ်တရက် သွေးမလွန်အောင်၊ အဆိပ်မပျံ့အောင်၊ အသက်ရှူပြန်လည်လာအောင် မည်သို့ပြုလုပ်ရမည်ကို သိနားလည်ထားသင့်ပေသည်။ ရွှေကုန်သည် လုပ်မစားစေကာမူ ရွှေအစစ်နှင့်အတု မည်သို့ခွဲခြားစစ်ဆေးရမည်ကို သိရှိထားလျှင် အနည်းဆုံး အလိမ်မခံရဘဲရှိပေမည်။ ပင်မင်းဒိုဘီလုပ်မစားစေကာမူ အဝတ်ကို မင်၊ ကွမ်းသွေး၊ သံချေးစွန်းလျှင် မည်သို့ချွတ်ရမည်ကို သိထားလျှင် ကောင်းပေမည်။ ထမင်းချက် လုပ်မစားစေကာမူ ကြက်သားတစ်အိုးလျှင် ဆား၊ ငရုတ်၊ ကြက်သွန် မည်မျှထည့်ရမည်ကို မှတ်သားထားလျှင် ကောင်းပေမည်။ လူ့လောကတွင် သိထားလျှင် အကျိုးရှိသောအရာ၊ လူသက်သာသောအရာ၊ ဆုံးရှုံးမှုကာကွယ်နိုင်သောအရာ၊ ဝေဒနာကုစားနိုင်သောအရာ၊ အသက်မွေးမှုဖြစ်စေနိုင်သောအရာ၊ လူချစ်လူခင်ဖြစ်စေသောအရာ၊ ထင်ပေါ်ကျော်ကြားစေသောအရာစသည်များစွာရှိပေသည်။

mgyoe.com